The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ ကြာသပတေးနေ့၊ (24-12-2015) (၈၄၂၄)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။
(ဓမ္မပဒ)



# မြန်မာ-တရုတ် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ရေးနှင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

စာမျက်နှာ - ၃

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် လေးနှစ်ခွဲအတွင်း အလုပ်အကိုင် သုံးသိန်းကျော်ဖန်တီးနိုင်

ရန်ကုန် ဒီဇင်ဘာ ၂၃

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် လေးနှစ်ခွဲကာလအတွင်း အလုပ်အကိုင် သုံးသိန်းကျော် ဖန်တီးပေးနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်အလွန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားလာမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဝင်လာတဲ့အခါ နိုင်ငံသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးပေါ်လာတယ်။ အရင်တုန်းက မထွက်သေးတဲ့ ကုန်စည်အသစ်တွေက ရင်းနှီးမြှုပ်နှံမှုအသစ်တွေကြောင့် Export ပိုထွက်လာတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဆီက ကုန်ပစ္စည်းထုတ်လုပ်တဲ့ နည်းပညာအပြင် စီမံခန့်ခွဲမှုနဲ့ အခြားသော အတတ်ပညာတွေလည်းရတယ်။ မဖွံ့ဖြိုးသေးတဲ့ဒေသတွေမှာလည်း ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတာရှိတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို စင်ကာပူနိုင်ငံမှ အများဆုံးလာရောက်မြှုပ်နှံပြီး ကိုရီးယား၊ ဟောင်ကောင်နှင့် အာရှနိုင်ငံများမှလည်း ရင်းနှီးမြှုပ်နှံကြောင်း၊ ရေနံသဘာဝဓာတ်ငွေ့၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားကြောင်း ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံတွေပိုကောင်းလာမယ်။ အခုလုပ်နေတဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေတွေ ကုမ္ပဏီဥပဒေတွေ အသက်ဝင်သွားမယ်။ အမေရိကန်စီးပွားရေးပိတ်ဆို့တာ ပြန်ဖွင့်ပေးမယ်။ စာမျက်နှာ ၇ ကော်လံ ၁ သို့



သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံတစ်ရုံ၌ ဒေသခံမြန်မာလုပ်သားများ လုပ်ငန်းဆောင်ရွက်နေကြစဉ်။

# စတုတ္ထမြောက်မိုဘိုင်းလိုင်စင်အတွက် ဆက်သွယ်ရေးကုမ္ပဏီများ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၈ ရက်ထိ အဆိုပြုလွှာတင်သွင်းနိုင်

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက စတုတ္ထမြောက်မိုဘိုင်းလိုင်စင်အတွက် ပြည်ပဆက်သွယ်ရေးအော်ပရေတာများအား ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၈ ရက် ညနေ ၅ နာရီထိ အဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ဒီဇင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ယခုလအစောပိုင်းက ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် စတုတ္ထမြောက်မိုဘိုင်းလိုင်စင်အတွက် အဆိုပြုလွှာတင်သွင်းရမည့်နောက်ဆုံးရက်ကို ဒီဇင်ဘာ ၁၈ ရက်အဖြစ် သတ်မှတ်ထားခဲ့သည်။ တင်သွင်းလာသော အဆိုပြုလွှာများအနက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက သင့်တော်သည့် ကုမ္ပဏီတစ်ခုကိုရွေးချယ်ကာ ၁၅ နှစ်ကြာလုပ်ကိုင်ခွင့်ရရှိမည့်လိုင်စင်တစ်ရပ်ကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(PTD)သို့ လျှောက်ထားမည်ဖြစ်သည်။ တင်ဒါအောင်မြင်သော ပြည်ပဆက်သွယ်ရေးအော်ပရေတာတွင် ရတနာပုံတယ်လီပို့(YTP)အပါအဝင် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများနှင့် ကုမ္ပဏီ ၁၁ ခုဖြင့်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြင့် ဖက်စပ်လုပ်ငန်းတစ်ခုဖွဲ့စည်းရမည်ဖြစ်သည်။

မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် ဆက်သွယ်ရေးကဏ္ဍအတွက် ဖွင့်လှစ်ပေးခဲ့ပြီး လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ တယ်လီနော၊ အော်ရီဒူးနှင့် ဂျပန်နိုင်ငံမှ ကေဒီဒီအိုင် ကုမ္ပဏီနှင့် ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံမှ အမ်ပီတီဟူ၍ ဆက်သွယ်ရေးအော်ပရေတာသုံးခုရှိပါသည်။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ အဆိုအရ မြန်မာနိုင်ငံ၌ ဆက်သွယ်ရေးကဏ္ဍ ထိုးဖောက်မှုမှာ ၂၀၁၃ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းမျှသာရှိရာမှ ယခုနှစ် စက်တင်ဘာလမကုန်မီ ၆၀ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ကြောင်း Total Telecom က သတင်းဖော်ပြထားသည်။ (သုတ)

ခေတ်မီ၊ လှပ၊ စတိုင်ကျတဲ့ SMART ဝမတ် ရိုလာ ခြင်ဇကာ ကို တပ်ဆင်ပါ။

ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်၊
သံချေးတက်ခြင်း၊ ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလတ်(စ်) ခြင်ဇကာသား
ရန်ကုန် - 01 450 962, 09 431 44178, 09 79222 8860
မန္တလေး - 09 250 638 611, 09 798 797 917
မြို့နယ်စုံတွင် တပ်ဆင်ပေးနိုင်သည်။
အလူမီနီယမ် နှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့ မှန်ဒေါက်တာ
ရန်ကုန် 09 4211 51119, 09 4500 54449
မန္တလေး 09 2506 38611, 09 7987 97917

မျက်နှာကျက်
၁၀ ပေပတ်လည် (တစ်ကျင်း) အပြီးအစီး ၇၅၀၀၀ ကျပ် (ပစ္စည်းဖိုး၊ တပ်ဆင်ခ၊ သယ်ယူစရိတ် အားလုံးပါဝင်ပြီး)
အရည်အသွေးကောင်း မျက်နှာကျက်ပြား (2' x 2') T-Bar, L-Bar များကိုသာ သုံးစွဲတပ်ဆင်ပေးသည်။
Ph : 01 541 018, 09 79 656 9001, 09 79 656 9002

## အတွေးအမြင်

ကြေးမုံစာတည်းရှုထောင့် ၂၄-၁၂-၂၀၁၅၊ ကြာသပတေးနေ့

# အခြေခံကောင်းများတည်ဆောက်

မြန်မာနိုင်ငံ၏အနာဂတ် ပိုမိုကောင်းမွန်စေရန်အတွက် ပြည်သူများ လိုလားသည့် ဒီမိုကရေစီစနစ်ကို ၂၀၁၁ ခုနှစ်မှစတင်၍ နိုင်ငံတော်အစိုးရက ပုံဖော်လမ်းခင်းပေးလျက်ရှိသည်။ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရာတွင် ယခင်စနစ်ဟောင်းမှ ပြုပြင်ပြောင်းလဲဖွယ်ရာများကို သိမ်မွေ့ညင်သာစွာဖြင့် အသွင်ကူးပြောင်းခဲ့ရာ မြန်မာ့နွေဦးကို တည်ငြိမ်အေးချမ်းစွာဖြင့် ကူးပြောင်းရောက်ရှိခဲ့သည်ဟု ဆိုရမည်။

ယနေ့ကာလအထိ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများမှ ပေါ်ထွက်လာသော အသီးအပွင့်များသည် အနာဂတ်ကာလတွင် တိုင်းရင်းသားပြည်သူများ ခံစားရရှိနိုင်စေရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သလို ရရှိထားသောအသီးအပွင့်များကို အသစ်တာဝန်ယူမည့် အစိုးရအဆက်ဆက်ကလည်း လက်ဆင့်ကမ်း သယ်ဆောင်သွားကြရမည်ဖြစ်သည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ရာတွင် အပြစ်တင်ဝေဖန် ထောက်ပြခဲ့ကြသူများလည်းရှိသည်။ အကောင်းမြင်လက်ခံကြသူများလည်းရှိသည်။ အပြောင်းအလဲတစ်ခုကို ဆောင်ရွက်ရာတွင် အခက်အခဲနှင့်စိန်ခေါ်မှုများရှိမည်မှာ အမှန်ဖြစ်သည်။ လောကအလိုအရ အပြစ်တင်ခြင်းသည် အလွယ်ကူဆုံးအလုပ်ဖြစ်ပြီး လက်တွေ့လုပ်ကိုင်ကြရာတွင် မလွယ်ကူသည့်အချက်များရှိသည်ကို ကိုယ်တိုင်လုပ်ကိုင်ကြည့်မှ သိမြင်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စနစ်ကျစွာဖြင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ဦးစွာပထမ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဟူသည့် မျှော်မှန်းချက်နှစ်ရပ်အား စတင်အကောင်အထည်ဖော်ခဲ့သည်ကို မြင်တွေ့ခဲ့ရသည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအား အလေးထားသောအားဖြင့် ပြည်သူဗဟိုပြု မူဝါဒဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သစ်ကိုတည်ဆောက်ရာ၌ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍပိုမိုကောင်းမွန်ရေးအတွက် အဆိုပါကဏ္ဍကြီးလေးရပ်ကို ပြုပြင်ပြောင်းလဲပြီး တိုးတက်အကောင်အထည်ဖော်နိုင်ရန် ဦးစားပေးဆောင်ရွက်ခဲ့သည်ကို မြင်တွေ့ရသည်။ အဆိုပါကဏ္ဍကြီးလေးရပ်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် အဆင့်သုံးဆင့်ဖြစ်သည့် လှိုင်းသုံးလှိုင်းဖြင့် ဆောင်ရွက်ထားသည်ဟု သိရသည်။

ပထမလှိုင်းတွင် နိုင်ငံရေးဖြစ်စဉ်၌ အားလုံးပါဝင်နိုင်ရေးအတွက် မပါဝင်သေးသောနိုင်ငံရေးပါတီများ ပါဝင်စေခြင်း၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား မလွတ်လပ်သည့်ဘဝမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးပြီး ပါဝင်စေခြင်း၊ မြန်မာနိုင်ငံအတွင်း နှစ်ပေါင်းများစွာ လက်နက်စွဲကိုင်တိုက်ခိုက်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား နိုင်ငံရေးဖြစ်စဉ်များတွင် ပါဝင်စေပြီး ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆောင်ရွက်နေခြင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် ပွင့်လင်းမြင်သာစွာဖြင့် အားလုံးပါဝင်ဆောင်ရွက်ခွင့်ရအောင် ဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဒုတိယလှိုင်းတွင် ထိုသို့အကောင်အထည်ဖော်ခဲ့သော နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအား ပိုမိုအရှိန်အဟုန်မြင့် အကောင်အထည်ဖော်ပေးခဲ့သည်။ တတိယလှိုင်းတွင်မူ အုပ်ချုပ်ရေးကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးခဲ့ပြီးနောက် ပေါ်ထွက်လာသော အကျိုးရလဒ်များကို ပြည်သူများထံသို့ ထိရောက်စွာသက်ဆင်းနိုင်ရန်အတွက် ပြည်သူဗဟိုပြုသည့် အုပ်ချုပ်ရေးကဏ္ဍများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းလာအောင် နိုင်ငံတော်အစိုးရက ပြုပြင်ပြောင်းလဲမှုများအား အောင်မြင်အောင်ဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများအား ပြီးပြတ်အောင်၊ ဆက်လက်ဆောင်ရွက်ရန်ရှိသောလုပ်ငန်းများအား နောင်တာဝန်ယူမည့်အစိုးရသစ်အား ကောင်းမွန်စွာဖြင့် လက်ဆင့်ကမ်းပေးဝေနိုင်အောင် စိတ်ကောင်း၊ စေတနာကောင်းဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ရှုမြင်ပါသည်။ ။

## ဧရာဝတီမြစ်ရေကျချိန် မြစ်ကျိုးအင်းများတွင် ငါးများတွင်ကျယ်စွာဖမ်းယူခြင်းဖြင့် အဆင်ပြေ

**မန္တလေး ဒီဇင်ဘာ ၂၃**

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ အသက်သွေးကြောပင် ဖြစ်သည်။ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်စွမ်းအား ထုတ်ယူရေးမှအစ စားဝတ်နေရေးအတွက် အဓိကဖော်ဆောင်ပေးလျက်ရှိသည်။ ဧရာဝတီမြစ်ကို အမှီပြုကာ ဘဝများစွာအတွက် ရုန်းကန်လှုပ်ရှားလျက်ရှိသည်။ ထိုအထဲတွင် စက်တပ်လှေငယ်များဖြင့် ငါးဖမ်းကြသော ငါးဖမ်းလုပ်သားများလည်း ပါဝင်သည်။



ဧရာဝတီမြစ်ရေကျချိန်တွင် မြစ်ကျိုးအင်းများစွာ ပေါ်ထွက်လာသလို ရေလုပ်သားများစွာအတွက်လည်း အဆင်ပြေသော ရာသီပင်ဖြစ်သည်။ ရေကျချိန် မြစ်ကျိုးအင်းငယ်လေးများမှငါးများ မြစ်မကြီးအတွင်း ပြန်မဆင်းရေးအတွက် သစ်ကိုင်းငယ်များဖြင့် ယင်းကာခြင်းလုပ်ငန်း လုပ်ဆောင်လေ့ရှိသည်။ ရေကျန်နေသော မြစ်ကျိုးအင်းများကို အင်းတိုင်ကြေးများအနေဖြင့် ဝယ်ယူကာ ငါးကိုတွင်ကျယ်စွာဖမ်းယူကြသည်။ မြစ်ကျိုးအင်းငယ်တစ်ခုလျှင် အနည်းဆုံး ငွေကျပ် ၁၅ သိန်းမှစကာ ရေကျန်သည့်အနေအထားအလိုက် ဈေးနှုန်းအသီးသီးပေးရသည်။ ထိုရေကျန်နေသည့် မြစ်ကျိုးအင်းလေးထဲမှ ငါးကို အကျိုးတူစနစ်၊ သုံးပုံတစ်ပုံပေးစနစ်ဖြင့် ဖမ်းယူကြသည်။

အများစုသော ငါးဖမ်းလုပ်သားများမှာ တစ်နှစ်လုံး ပိုက်ဖြင့် ငါးဖမ်းနိုင်ရန်အတွက် အင်းတိုင်ကြေး ငါးသောင်း ငါးထောင်ပေးကာ ဖမ်းယူကြသည်။ ငါးမျှားချိတ်ကို ကြိုးဖြင့်တန်း၍ ငါးဖမ်းသူများမှာ အင်းတိုင်ကြေး သုံးသောင်းပေးဆောင်ကာ ငါးဖမ်းလေ့ရှိသည်။ အများစုသော ငါးဖမ်းလုပ်သားများမှာ စက်တပ်လှေငယ်လေးများဖြင့် သွားရောက်ဖမ်းယူမှုများသည်။ လက်ရှိကာလ ဧရာဝတီမြစ်ရေကျချိန် ညပိုင်းတွင် ပိုက်ထောင်ပိုက်တန်းကာ နံနက်ခင်းနှင့် မွန်းလွဲပိုင်းတွင် နားကြသည်။ ရေနည်းချိန်တွင် ငါးလူးနှင့် ငါးမြင်းများ အများဆုံးဖမ်းမိကြသည်။

ငါးမြင်းတစ်ပိဿာ၏ ပေါက်ဈေးမှာ ငွေကျပ် ငါးထောင်ရှိကြောင်း သိရသည်။ ငါးဖမ်းလုပ်သားတစ်ဦး ညပိုင်းပိုက်ထောင်မှုတွင် အနည်းဆုံး သုံးပိဿာမှ လေးပိဿာအထိ ရရှိသည်။ ငါးမြူးခြင်း၊ မမြူးခြင်း ပေါ်မူတည်ကာ ပုံမှန်အနေအထားမရှိဘဲ အနည်းအများကွာခြားမှုများရှိတတ်သည်။ ဧရာဝတီမြစ်ရေကျချိန်တွင် မြစ်ကျိုးအင်းငယ်များစွာ ရေကျန်နေပြီး ယင်းကာခြင်းများဖြင့် ငါးဖမ်းလုပ်ငန်းများလုပ်ကိုင်ကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(တိမ်တမန်)**




## သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်လမ်း(၆)မိုင် သစ်တောကျေးရွာတွင် ဈေးဖွင့်မည်

**ရေတာရှည် ဒီဇင်ဘာ ၂၃**

ရန်ကုန်- မန္တလေးအမြန်လမ်းနှင့် ရိုးမဖြတ်ကျော်ကားလမ်းဆုံရာ (၆)မိုင် သစ်တောကျေးရွာတွင် ဒေသတွင်းနေထိုင်ကြသူများအဆင်ပြေစေရန် ဈေးတစ်ခု တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေးကျော်က ပြောကြားခဲ့သည်။

အဆိုပါဈေးဖွင့်လှစ်ဖြစ်ပါက အထက်တောင်ပေါ်ဒေသများတွင် နေထိုင်ကြသူများနှင့် ရိုးမလမ်းတစ်လျှောက်ကျေးရွာများရှိ ဒေသခံများသည် သာဂရ၊ ဆွာမြို့များအထိ ဈေးသွားစရာမလိုတော့ဘဲ (၆)မိုင် သစ်တောကျေးရွာတွင်ပင် ဝယ်ယူနိုင်တော့မည်ဖြစ်သည်။

တောင်ငူခရိုင် ရေတာရှည်မြို့နယ်တွင် ပဲခူးရိုးမအား အရှေ့မှ အနောက်သို့ ဖြတ်သန်းသွားလာနိုင်ရေးအတွက် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်လမ်းကို ဖောက်လုပ်ခဲ့ပြီးနောက် သစ်တောဦးစီးဌာနမှ သစ်တောကြိုးဝိုင်းဒေသအနီးအပြား၌ နေထိုင်ကြသူများအတွက် (၆)မိုင်၊ (၇)မိုင်၊ (၈)မိုင်၊ (၁၀)မိုင် ကျေးရွာများကို တည်ထောင်ပေးခဲ့သည်။

ထို့အတူ အခြားသောကျေးရွာများစွာကိုလည်း သစ်တောမြေအဖြစ် ပယ်ဖျက်၍ ကျေးရွာမြေများအဖြစ် တရားဝင်ဖြစ်အောင်ဆောင်ရွက်ခြင်းအပြင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင်လည်း အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့သည်ကိုတွေ့ရသည်။ သစ်တောကိုအမှီပြုကာ လုပ်ကိုင်စားသောက်ကြခြင်းကြောင့် သစ်၊ ဝါး၊ ထင်းမီးသွေးလုပ်ငန်းများ လုပ်ကိုင်ခြင်းကို တင်းကြပ်လာခဲ့ပြီးနောက် သိုင်းချောင်းတစ်လျှောက် စပါးစိုက်ပျိုးခြင်းနှင့် မြေပဲ၊ နှမ်း၊ ပဲအမျိုးမျိုးတို့ စိုက်ပျိုးခြင်းတို့ဆောင်ရွက်ကာ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းခဲ့ကြကြောင်း ဒေသခံများ၏ပြောပြချက်အရ သိရသည်။ **ကိုလွင်(ဆွာ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၃**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၄၆၀၀၀ - ၇၄၆၀၀၀ | မန္တလေး(ရွှေဈေး) | ၇၄၆၀၀၀ - ၇၄၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၀၀/၆၃၀ ကျပ်၊ | ၆၆၀/၆၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၃၀/၇၅၀ ကျပ်၊ | ၈၃၀/၉၁၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၀၀/၇၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၂၃ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၁၁.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၅.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၂.၃၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆.၃၄၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄.၆၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၇၈၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၈၃.၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၀၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၈.၄၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၃၄.၁၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

# မြန်မာ-တရုတ် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ရေးနှင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီတစ်အုပ်စုဥက္ကဌ မစ္စတာ ချန်ဇန်းမင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ရေးနှင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဇေယျာအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် မစ္စတာ ချန်ဇန်းမင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီတစ်အုပ်စုဥက္ကဌ မစ္စတာ ချန်ဇန်းမင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

# ကုန်ထုတ်လုပ်ငန်းများအား အမြတ်အစွန်းနည်းနည်းဖြင့် ပမာဏများများထုတ်လုပ် နိုင်ငံတော်၏ စီးပွားရေးကာကွယ်မှုတစ်ခုအဖြစ် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့သည် ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံတပ်နယ်ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း တာယာစက်ရုံ(ရွာမ)သို့ သွားရောက်စစ်ဆေးသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား တာယာစက်ရုံ(ရွာမ)အစည်းအဝေးခန်းမ၌ စက်ရုံမှူးက တာယာထုတ်လုပ်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံ၏ ပြည်တွင်းတာယာ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စက်ရုံ၏ စွမ်းအားပြည့် ကုန်ထုတ်စွမ်းအားမြှင့်တင်ရမည်ဖြစ်သကဲ့သို့ ထုတ်ကုန်အရည်အသွေးကောင်းမွန်ရေးကိုလည်း စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နှစ်စဉ် ပြည်တွင်းတာယာလိုအပ်ချက် ၂ ဒသမ ၅ သန်းခန့်ရှိရာ ရွာမစက်ရုံအနေဖြင့် စွမ်းအားပြည့်လည်ပတ်ပါက ၈ ဒသမ ၅ သိန်းခန့်သာ ထုတ်လုပ်နိုင်သဖြင့် ယခုထက်ပို၍ စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်၊ စက်ရုံစွမ်းအားပြည့် ကုန်ထုတ်လုပ်ခြင်းဖြင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

ခိုင်မာသော ဈေးကွက်ရရှိရေးအတွက် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး ဟန်ချက်ညီအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အရည်အသွေးတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းတူပါက အရည်အသွေး ပိုမိုကောင်းမွန်ရမည်ဆိုသည့် မူဝါဒနှင့်အညီ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ကုန်ထုတ်လုပ်ငန်းများသည် အမြတ်အစွန်းနည်းနည်းဖြင့် ထုတ်ကုန်ပမာဏများများဖြစ်အောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်တိုးတက်လာသည်နှင့်အမျှ ပြည်ပသွင်းကုန်ကြောင့် နိုင်ငံခြားငွေသုံးစွဲမှုကိုလျှော့ချနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထုတ်ကုန်တိုးတက်ထုတ်လုပ်ခြင်းဖြင့် သွင်းကုန်ပမာဏကို လျှော့ချနိုင်ကာ ပိုမိုငွေကြေးခိုင်မာမှုအထိုက်အလျောက်ဖြစ်လာစေပြီး နိုင်ငံတော်၏စီးပွားရေးကာကွယ်မှုတစ်ခုအဖြစ် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော တာယာများကို ကြည့်ရှုစစ်ဆေးကြပြီး တာယာထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြန်မာစီးပွားရေးကော်ပိုရေးရှင်း တာယာစက်ရုံ(ရွာမ)သည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမစက်မှုနယ်မြေတွင် တည်ရှိသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီမှစ၍ ပြည်တွင်းဈေးကွက်သို့ Tristar Tyre ဆိုဒ်စုံ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ပြည်တွင်း တာယာလိုအပ်ချက်ကို ယခုထက်ပိုမို၍ တိုးတက်ထုတ်လုပ်ဖြည့်ဆည်းနိုင်ရေး၊ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**လားရှိုး ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ယနေ့နံနက်က လားရှိုးမြို့နားမခေါ်ကားကြီးဝင်းအတွင်းရှိ ရွှေလားရှိုးဂိတ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။

ပညာပေးကာလအဖြစ် သတ်မှတ်ထားရှိသော ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ပူးပေါင်းအဖွဲ့ဖြင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာပေးကာလအတွင်း လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသံချဲ့စက်ဖြင့် ရပ်ကွက်/ကျေးရွာများအတွင်း အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုးက ပြောကြားသည်။

ဆက်လက်ပြီး အမှတ်(၂၀)ယာဉ်ထိန်းရဲ ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမင်းအောင်က မိတ်ဆက်စကားပြောကြားကာ အမှတ်(၁၁၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမိုးခိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ၂၀၁၅ ခုနှစ်ထုတ် မော်တော်ယာဉ်ဥပဒေသစ်အား အသိပညာပေးပြောကြားသည်။

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး ဦးမင်းဆွေက အသိပညာပေးဟောပြောပြီး လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးညှိနှိုင်းမှုဦးစီးဌာနမှ တွဲဖက်ပြည်နယ်မှူး ဦးကြည်နိုင်က အသိပညာပေးဟောပြောခဲ့သည်။ ယင်းနောက် တက်ရောက်လာသူများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**



**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

## ဆီးရီးယားပြည်တွင်းစစ်အဆုံးသတ်ရေးနိုဘယ်ဆုရှင်မာလာလာ တိုက်တွန်း



**နယူးကာဆယ် ဒီဇင်ဘာ ၂၃**

ဆီးရီးယား၌ပြည်တွင်းစစ်အဆုံးသတ်ပြီး ဆီးရီးယားဒုက္ခသည်ကလေးသူငယ်များ၏ ပညာရေးအဆင့်အတန်းမြင့်မားလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါရန် အသက်အငယ်ဆုံးနိုဘယ်ဆုရှင် မာလာလာယူဆွတ်ဇိုင်း (၁၈နှစ်)က ဒီဇင်ဘာ ၂၂ ရက်တွင် တိုက်တွန်းလိုက်သည်။

အင်္ဂလန်မြောက်ပိုင်း၌ အခြေချနေထိုင်ခွင့်ရရှိသူ ဆီးရီးယားလူမျိုး ကျောင်းသူလေး မူဇွန်အယ်မယ်လီဟန်နှင့်အတူ ဒုက္ခသည်ကလေးများ ပညာသင်ယူခွင့်ရရှိရေးအတွက် မိမိတို့ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မာလာလာက ပြောကြားသည်။

မာလာလာသည် ၂၀၁၂ ခုနှစ်က ပါကစ္စတန်တာလီဘန် စစ်သွေးကြွများ၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့ပြီး ဗြိတိန်နိုင်ငံ၌ ဆေးဝါးကုသမှုခံယူခဲ့ကာ ယခုအခါ အင်္ဂလန်ရှိ ဘာမင်ဂန်မြို့၌ နေထိုင်ကာ ပညာဆည်းပူးလျက်ရှိသည်။

လူအခွင့်အရေးများအနက် အခြေခံအကျဆုံးဖြစ်သည့် ကလေးတိုင်းပညာသင်ယူခွင့်ရရှိရေးအတွက် ကမ္ဘာ့ခေါင်းဆောင်များက ကြိုးပမ်းကြပါရန် အသက်အငယ်ဆုံးနိုဘယ်ဆုရှင် မာလာလာကပြောကြားသည်။

**ရိုက်တာ။**

## နယူးဒေလီမြို့အနီးတွင် လေယာဉ်တစ်စင်းပျက်ကျ၊ ၁၀ ဦးသေဆုံး



**နယူးဒေလီ ဒီဇင်ဘာ ၂၃**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့အနီးတွင် လေယာဉ်တစ်စင်း ယနေ့ပျက်ကျခဲ့ရာ လိုက်ပါစီးနင်းလာသူ ၁၀ ဦးသေဆုံးခဲ့ပြီး လေယာဉ်ပျက်ကျမှုကြောင့် မြေပြင်ပေါ်ရှိ လူသုံးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းများအရ သိရသည်။

အိန္ဒိယနယ်စပ်လုံခြုံရေးအဖွဲ့က မောင်းနှင်ခဲ့သည့် အဆိုပါလေယာဉ်သည် လေဆိပ်မှ ထွက်ခွာသွားပြီး မကြာမီအချိန်မှာပင် လေဆိပ်နံရံပေါ်သို့ ပျက်ကျသွားခဲ့ကြောင်း လေကြောင်းပျံသန်းရေးအရာရှိများကဆိုသည်။

အဆိုပါလေယာဉ်သည် အမြင့်ပေ ၃၀ မီတာဝန်းကျင်တွင် ပျံသန်းနေခဲ့စဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အနီးဝန်းကျင်ရှိ ကုန်စုံဆိုင်ပိုင်ရှင်တစ်ဦးက ပြောကြားခဲ့သည်။

လေယာဉ်ပျံပျက်ကျသည့်အသံကိုကြားခဲ့သည့်အတွက် ဘေးလွတ်ရာသို့ပြေးသွားခဲ့ကြောင်းနှင့် လေယာဉ်ပျက်ကျသည့်နေရာမှ မီးခိုးငွေ့များသည် အမြင့်ပေ မီတာ ၆၀ ခန့်အထိ မြင့်တက်ခဲ့ကြောင်း ဆောက်လုပ်ရေး အလုပ်သမားတစ်ဦးက ဆိုသည်။

ယင်းလေယာဉ်သည် နယူးဒေလီမြို့မှ ဂျာကာဟန်ပြည်နယ် အရှေ့ဘက်သို့ ဦးတည်မောင်းနှင်နေခဲ့ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ။**

## အစ္စတန်ဘူလေဆိပ်၌ ပေါက်ကွဲမှုဖြစ်ပွား သန့်ရှင်းရေးဝန်ထမ်းတစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**အစ္စတန်ဘူ ဒီဇင်ဘာ ၂၃**

တူရကီနိုင်ငံ၏ အစ္စတန်ဘူမြို့ရှိ ဒုတိယအကြီးဆုံးလေဆိပ်တွင် ဒီဇင်ဘာ ၂၃ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ လေယာဉ်တစ်စင်းပေါ်ရှိနေသော သန့်ရှင်းရေးဝန်ထမ်းတစ်ဦးသေဆုံးပြီး တစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားရခြင်းဟုတ်၊ မဟုတ် တူရကီအာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း နိုင်ငံပိုင် အင်နာဒိုလူသတင်းဌာနကဖော်ပြသည်။

တူရကီနိုင်ငံ အစ္စတန်ဘူမြို့ရှိ ဆာဘီဟာဂိုဆန်လေဆိပ်တွင် ဒီဇင်ဘာ ၂၃ရက် ဒေသစံတော်ချိန် နံနက် ၂နာရီ၅မိနစ်တွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲရာနေရာ၌ ခရီးသည်တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ လေဆိပ်၏လုပ်ငန်းဆောင်ရွက်မှု ပုံမှန်အတိုင်း ဆက်လက်လုပ်ဆောင်နေကြောင်း ပီဂါဆက်လေကြောင်းလိုင်းကပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးကိုတင်းကျပ်ခဲ့ပြီး မော်တော်ယာဉ်များကို ရှာဖွေစစ်ဆေးမှုများပြုလုပ်ခဲ့သည်။ ကောင်းကင်ယံ၌ ရဲတပ်ဖွဲ့ရဟတ်ယာဉ်များက ဝန်းပတ်ပျံသန်းခဲ့ကြောင်းသတင်းတွင် ဖော်ပြသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သော်လည်း လေဆိပ်၏ လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို ပုံမှန်လုပ်ဆောင်နေကြောင်း ယင်းလေဆိပ်တာဝန်ရှိသူများက ပြောကြားသည်။

**ရိုက်တာ။**

## ဘောလုံးကွင်း ၇၂ ကွင်းနှင့်ညီမျှသော "မြေအောက်မြို့" တရုတ်နိုင်ငံ တည်ဆောက်နေ

**ဝူဟန် ဒီဇင်ဘာ ၂၃**

တရုတ်နိုင်ငံအလယ်ပိုင်းရှိ ဝူဟန်မြို့တော်တွင် တိုင်းပြည်၏အကြီးမားဆုံးသော "မြေအောက်မြို့တော်" တစ်ခုတည်ဆောက်မှုကို စတင်လိုက်ပြီဖြစ်ကြောင်း သတင်းများအရ သိရသည်။

ဟူဘေးပြည်နယ် မြို့တော် ဝူဟန်မြို့က အဆိုပါမြေအောက်မြို့တော်ပုံစံရေးဆွဲရန် အမေရိကန်ဗိသုကာနှင့် အလှဆင်ဒီဇိုင်းရေးဆွဲရေးကုမ္ပဏီ Skidmore, Owings and Merrill LLP (SOM) အား အပ်နှံထားကြောင်း မြို့ပြတည်ဆောက်ရေးအာဏာပိုင်အဖွဲ့က ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

စီမံကိန်းအသေးစိတ် အစီအစဉ်အရ ဘောလုံးကွင်း ၇၂ ကွင်းနှင့်ညီမျှသော စုစုပေါင်းစတုရန်းမီတာ ၅၁၆,၀၀၀ ကျယ်ဝန်းသည့် အထပ်သုံးထပ်ပါ မြေအောက်မြို့တော်တည်ဆောက်မှုမှာ ခန့်မှန်းခြေ ယွမ် ၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ) ကုန်ကျမည်ဖြစ်သည်။ မြေအောက်တည်ဆောက်မှုအပိုင်းကို ၂၀၁၈ ခုနှစ်တွင်ပြီးစီးရန် အစီအစဉ်ရေးဆွဲထားပြီး မြေအောက်ရထားလိုင်း လေးလိုင်းအပါအဝင် မြေအောက်အဆောက်အအုံတစ်ခု၊ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်များနှင့် ချိတ်ဆက်သွားမည်ဖြစ်သည်။

"Optical Valley Central City"ဟု အမည်ပေးထားသည့် ယင်းမြေအောက်မြို့တော်ကို စတိုးဆိုင်များ၊ ရုပ်ရှင်ရုံများ၊ ကြံ့ခိုင်ရေးကလပ်များနှင့် ဖျော်ဖြေရေးခန်းမများတန်းစီနေသည့် လူသွားလမ်းများပါရှိရန် ပုံစံရေးဆွဲထားသည်။ စီမံကိန်းစီမံခန့်ခွဲရေးဒုတိယအကြီးအကဲ ကျန်ကျန်ယောင်က "Optical Valley Central City" ကို ဝူဟန်မြို့တော်၏အရှေ့တောင်ဘက်ပိုင်းရှိ ခရိုင်သစ်တစ်ခုအတွင်း တည်ဆောက်နေကြောင်း၊ မြေအောက်မြို့တော်တည်ဆောက်မှုကြောင့် ဝူဟန်မြို့တော်၏ မြို့ပြပမာဏနှင့် မြေယာအသုံးပြုရာတွင် အကျိုးပိုမိုဖြစ်ထွန်းလာစေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုများ လျှော့ချရန် မျှော်မှန်းထားကြောင်းပြောကြားသည်။

**ဆင်ဟွာ။**



## အယ်လ်နီညိုဖြစ်စဉ် အကျိုးသက်ရောက်မှုရှိနိုင် ကမ္ဘောဒီးယား၌ ရေချွေတာရန် ဝန်ကြီးချုပ်တိုက်တွန်း

**ဖနောင်ပင် ဒီဇင်ဘာ ၂၃**

ယခုနှစ်တွင် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုများအရ ကမ္ဘောဒီးယားနိုင်ငံ၌ မိုးဥတုဝင်ရောက်မှု နောက်ကျနိုင်သဖြင့် တောင်သူလယ်သမားများနှင့် ပြည်သူများ ရေချွေတာခြင်းနှင့် စုဆောင်းခြင်းတို့ပြုလုပ်ကြရန် ဝန်ကြီးချုပ်ဟွန်ဆန်က ဒီဇင်ဘာ ၂၃ ရက်တွင် သတိပေးလိုက်သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ပုံမှန်အားဖြင့်နှစ်စဉ် မေလအစောပိုင်းတွင် မိုးဥတုစတင်လေ့ရှိသည်။ သို့ရာတွင် ယခုနှစ်တွင် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုကြောင့် မိုးဥတုအဝင်နောက်ကျမည်ဟု ခန့်မှန်းထားသည်။

ပုံမှန်မိုးရွာသွန်းချိန် ကာလမရောက်မချင်း နေ့စဉ် သုံးစွဲရန်လိုအပ်သည့် ရေကိုခြိုးခြံချွေတာသုံးစွဲရန် ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသန္တရ အာဏာပိုင်များအား ဝန်ကြီးချုပ်ဟွန်ဆန်က ညွှန်ကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်အစောပိုင်းက မိုးခေါင်မှုနှင့် တွေ့ကြုံခံစားခဲ့ရသည်။ မိုးခေါင်မှုကြောင့် မိုးစပါးစိုက်ပျိုးသော လယ်မြေ ၂၃၄၆၉၅ဟက်တာမှာ စပါးစိုက်ပျိုးရန် အခက်အခဲများဖြစ်ပေါ်ခဲ့ရသည်။

ပစိဖိတ်သမုဒ္ဒရာ၌ လက်ရှိဖြစ်ပေါ်နေသော အယ်လ်နီညိုဖြစ်စဉ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ နယ်မြေဒေသများအပေါ် အကျိုးသက်ရောက်နိုင်သည်ဟု ကျွမ်းကျင်သူပညာရှင်များက ပြောကြားကြသည်။

ပင်လယ်သမုဒ္ဒရာ၌ အပူချိန်အပြောင်းအလဲများဖြစ်ပေါ်ခြင်းကြောင့် ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်း၌ ပူပြင်းခြောက်သွေ့သော ရာသီဥတုကို ဖြစ်ပေါ်စေနိုင်သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်တို့က အယ်လ်နီညိုရာသီဥတု ပုံစံဖြစ်ပေါ်ခြင်းနှင့်အတူ မိုးခေါင်မှုဖြစ်ပွားခဲ့ရာ စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ရသည်။

**ဆင်ဟွာ။**

ပြည်တွင်းရေးရာ

# သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၁၃) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းသူနာပြုများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သင်တန်းဆင်းသူနာပြုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။**(ယာပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းသူနာပြုများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ် မြဝတီတေးဂီတအဖွဲ့နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စစ်တီးဝိုင်းတို့က တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များ၊ ကျောင်းဆင်းသူနာပြုများနှင့် မိဘဆွေမျိုးများသည် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ အမှတ် (၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။ **(မြဝတီ)**





**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကောင်းဆုံးသင်တန်းသားဆုရရှိသူ သင်တန်းသား ခန့်ထက်ကျော်အား ဆုချီးမြှင့်စဉ်။** (မြဝတီ)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသား နှင်းကိုအား ဆုချီးမြှင့်စဉ်။** (မြဝတီ)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာပေထူးချွန်ဆုရရှိသူ သင်တန်းသား စိုးဌေးလှိုင်အား ဆုချီးမြှင့်စဉ်။** (မြဝတီ)

**❒ ကျောဖုံးမှ**

တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ကျင်းပသည့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ရန်ကုန်တပ်နယ်မှ အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်းသူနာပြုများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား သင်တန်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၁၃)မှ အကောင်းဆုံးသင်တန်းသားဆုရရှိသူ သင်တန်းသား ခန့်ထက်ကျော်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသား နှင်းကိုနှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသား စိုးဌေးလှိုင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကို ၂၀၀၀ ပြည့်နှစ်တွင် တပ်မတော်သူနာပြုတက္ကသိုလ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၂ ခုနှစ်၌ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အဖြစ် တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း၊ အမျိုးသမီးသူနာပြု သိပ္ပံဘွဲ့သင်တန်းများကိုလည်း ၂၀၁၄ ခုနှစ်က စတင်ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ အဆင့်မြင့်ပညာရပ်များကို ဆက်လက်ဆည်းပူးနိုင်ရန် မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပါရဂူဘွဲ့ရရှိပြီးသူ လေးဦး၊ မဟာဘွဲ့ရရှိပြီးသူ ၂၉၇ ဦးနှင့် တက်ရောက်ဆဲ ပါရဂူဘွဲ့သင်တန်းသား ကိုးဦး၊ မဟာသင်တန်းသား ၄၅ ဦးတို့ ရှိပြီးဖြစ်ကြောင်း။

ယနေ့ခေတ်စစ်ပွဲများသည် အဖျက်စွမ်းအားကြီးမားသည့် ခေတ်မီနည်းပညာ လက်နက်များအသုံးပြုတိုက်ခိုက်ကြသည်ဖြစ်၍ သေကျေဒဏ်ရာရမှုများလည်း ပိုမိုများပြားလာသဖြင့် ထက်မြက်ထိရောက်သည့် ဆေးအကာအကွယ်ပေးရေးနှင့် ဒဏ်ရာအနာတရဖြစ်သူများကို ပြုစုကုသပေးနေသော ဆေးဘက်ဆိုင်ရာပညာသည် လိုအပ်ချက်များ ပိုမိုမြင့်တက်လာနေကြောင်း၊ သို့ဖြစ်၍ နိုင်ငံတကာ တပ်မတော်များသည် စစ်ပွဲတစ်ပွဲကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို အလွယ်တကူ တုံ့ပြန်ဖြေရှင်းနိုင်သော တပ်မတော်ပုံစံဖြစ်လာရန် တည်ဆောက်လျက်ရှိကြောင်း၊ သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းစဉ်သည် တပ်မတော်တစ်ရပ်ကို အထောက်အကူပြုနေသော အဓိကအစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း။

တပ်မတော်မှ သူနာပြုနှင့် ဆေးဘက်ဆိုင်ရာပညာသည်များကို မွေးထုတ်နေခြင်းသည် တပ်မတော်သားများအား အထောက်အကူပြုရန်အတွက်သာမက ရောက်ရှိတာဝန်ထမ်းဆောင်ရမည့် ဒေသများတွင် ဆေးဘက်ဆိုင်ရာအထောက်အကူလိုအပ်နေသော ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း အလုပ်အကျွေးပြုပေးနိုင်ရန် ရည်ရွယ်ကြောင်း၊ ဒဏ်ရာအနာတရဖြစ်သူ၊ ကျန်းမာရေးချို့တဲ့သူ တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ပြည်သူများကို သင်ယူတတ်မြောက်ထားသော သူနာပြုနှင့် ဆေးဘက်ဆိုင်ရာပညာများအား ထိရောက်စွာအသုံးပြုပြီး "စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ"ဆိုသည့် ဆေးတပ်ဖွဲ့၏ဆောင်ပုဒ်အတိုင်း ပြည့်စုံလုံလောက်သော ဆေးအကာအကွယ်ပေးခြင်း၊ ပြုစုကုသခြင်းလုပ်ငန်းစဉ်များကို လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

ထက်မြက်ကျွမ်းကျင်သည့် သူနာပြုများဖြစ်စေရေးအတွက် သူနာပြုသိပ္ပံနှင့် ဆေးဘက်ပညာရပ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကို ခေတ်နှင့်အညီ မျက်ခြည်မပြတ် လေ့လာဆည်းပူးနေကြရန်လိုကြောင်း၊ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုအားလုံးတွင် ရှေးဦးသူနာပြုစုခြင်းမှာ အရေးအကြီးဆုံးဖြစ်သလို ရောဂါရှာဖွေမှု၊ ကုသပေးမှု၊ ပြုစုမှုနှင့် ပြန်လည်ထူထောင်ပေးမှုများ ဆောင်ရွက်ရာတွင်လည်း ဆေးဝါးများ၊ စက်ကိရိယာများထက်ပိုပြီး အစွမ်းထက်သော စိတ်ပိုင်းဆိုင်ရာ ဖေးမကုသမှုမှာ ခံယူချက်နှင့် စိတ်နှလုံးသားအတွင်းတွင် ရှိနေရန်လိုအပ်ကြောင်း၊ သူနာပြုတစ်ဦးသည် မိမိ၏ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားပြီး မိမိကိုယ်ကို စံပြအဖြစ်ပြဋ္ဌာန်းလျက် ထူးခြားကောင်းမွန်သော သည်းခံစိတ်ရှည်မှုများနှင့် လူနာကိုဆက်ဆံသည့် ကျင့်ဝတ်တန်ဖိုးများကို အခြေခံထားပြီး ဆောင်ရွက်နေရန်လည်း လိုအပ်ကြောင်း၊ ယင်းသို့ ကောင်းမွန်မြင့်မြတ်သည့် ကျင့်ဝတ်၊ စံများကို မိမိတို့၏နှလုံးသားတွင် ထာဝရကိန်းအောင်းနေအောင် ကျင့်ကြံဆောင်ရွက်မှသာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ ဆောင်ပုဒ်နှင့်အညီ "ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်"များ ဖြစ်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့်တပ်မတော်က မျှော်မှန်းချက်ကြီးစွာဖြင့် ပြုစုပျိုးထောင်ပေးလိုက်ခြင်းဖြစ်၍ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ကာ စည်းလုံးညီညွတ်စွာနှင့် စွမ်းရည်သုံးရပ်အစဉ်ပြည့်စုံနေစေရန် သစ္စာရှိရှိ ကြိုးပမ်းဆောင်ရွက်နေကြရမှာဖြစ်ကြောင်း၊ တစ်ဦးချင်းတတ်မြောက်ထားသည့်အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်စွာ အသုံးချရန်လိုအပ်ပြီး တစ်ဦးချင်းစွမ်းရည်များ စုပေါင်းခြင်းဖြင့် တပ်ရင်း၊ တပ်ဖွဲ့များ၏ စွမ်းရည်များ မြင့်မားလာအောင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ တပ်မတော်တစ်ရပ်လုံး စွမ်းရည်နှင့် အရည်အချင်းများ တိုးတက်မြင့်မားလာအောင် တပ်မတော်သားတိုင်း ကိုယ်စီအသိ၊ သတိရှိရှိဖြင့် ကြိုးစားလုပ်ဆောင်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးအတွက် လက်ရုံးရည်ပြည့်ဝသည့် စစ်သည်တော်ကောင်းများဖြစ်ရန်လိုအပ်သကဲ့သို့ သူနာပြုများလည်းဖြစ်သည်နှင့်အညီ မြင့်မြတ်သည့် နှလုံးသားနှင့် အကြင်နာတရားလက်ကိုင်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထမ်းဆောင်ရန် အမြဲအသင့်ရှိသူများဖြစ်အောင် ဆက်လက်လေ့ကျင့် တည်ဆောက်နေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်နှင့် ပြည်သူအပေါ် အလုပ်အကျွေးပြုနိုင်သည့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်သားကောင်းရတနာများဖြစ်အောင် ဆက်လက်ကျင့်ကြံကြိုးစားသွားကြရန် မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ သင်တန်းသားသုံးဦးနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကားပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းရှိ Computed Tomography၊ Hydro Therapy Room ၊ Physio Therapy Pratical Room၊ Nursing Skill Lab တို့အား လှည့်လည်ကြည့်ရှုကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျန်းမာရေးအထောက်အကူပစ္စည်းများအား အခြားတပ်မတော်ဆေးရုံကြီးများတွင် ထားရှိနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# တတိယလှိုင်းနဲ့အတူ အီလက်ထရွန်နစ်မြို့တော်ဖြစ်လာမယ့် ရန်ကုန်

သတင်းဆောင်းပါး- ခင်ရတနာ
ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဒီဇင်ဘာ ၂၃**

လက်ချောင်းများက ကွန်ပျူတာခလုတ်များကို တချောက်ချောက်နှိပ်ရင်း ရန်ကုန်မြို့ မထင်မရှားလမ်းတစ်ခုမှ အိမ်တစ်လုံး၏ ရာဇဝင်ကို စက္ကန့်အနည်းငယ်မှာပင် ကွန်ပျူတာမျက်နှာပြင်၌ ပြည့်စုံစွာဖော်ထုတ်လိုက်သည်။ ထိုအိမ်၏ မြေကွက်အမှတ်၊ မြေတိုင်းအမှတ်၊ မြေအမျိုးအစား၊ ပိုင်ရှင်အဆင့်ဆင့်၊ ပိုင်ဆိုင်သည့်နေ့စွဲနှင့် ထိုအိမ်ပြင်ဆင်တည်ဆောက်မှုများအပြင် မြေပြင်တွင်မြင်တွေ့ရမည့် Geographic Information System (GIS)မြေပုံများပါ ခိုင်မာတိကျစွာ ထွက်ပေါ်လာခြင်း ဖြစ်သည်။

"ဘယ်ဌာန၊ ဘယ်အဖွဲ့အစည်းမဆို လုပ်ငန်းဆောင်တာတွေ အားလုံးမှာ အိုင်စီတီနည်းပညာကိုအသုံးပြုပြီး Digitized Data တွေအဖြစ် ပြောင်းလဲနိုင်မှသာ စစ်မှန်တဲ့ e-Government ဖြစ်ပါတယ်။ လွယ်တဲ့ကိစ္စတော့ မဟုတ်ပါဘူး။ အထူးသဖြင့် ကျွန်တော်တို့ တိုင်းပြည်မှာပါ။ ကိုလိုနီခေတ်လောက်ကမြေပိုင်ဆိုင်မှု အထောက်အထားတွေဟာ ဝါကျင်နေပြီး ခြစားတွန့်ကြေနေလို့ ထိတိုင်းကြွေတော့မယ့် စာရွက်တွေကနေ ကွန်ပျူတာစနစ်ကိုပြောင်းဖို့က အချိန်တွေပေးရသလို တိကျမှန်ကန်ဖို့အတွက်လည်း စိန်ခေါ်မှုတွေ အများကြီးပါပဲ။ ကျွန်တော်တို့ ကြိုးစားပြီး ပြောင်းခဲ့တာ အောင်မြင်သင့်သလောက် အောင်မြင်ခဲ့တယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ နည်းပညာ အကြံပေး ကိုအောင်ဝင်းမြတ်က ပြောကြားသည်။

လက်ရှိအစိုးရ၏ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာမူဘောင် တတိယလှိုင်းတွင် ဌာနဆိုင်ရာများအားလုံး e-Government စနစ်ထိရောက်စွာ ပြောင်းလဲအသုံးပြုနိုင်ရေးသည် အဓိကကျသည့် မဟာဗျူဟာတစ်ခု ဖြစ်သည်။ စာရွက်စာတမ်းများပေါ်မှ မှတ်တမ်းမှတ်ရာများကို နည်းပညာအကူအညီဖြင့် စနစ်တကျ သိုမှီးသိမ်းဆည်းကာ အချိန်မရွေး၊ နေရာမရွေး သုံးစွဲနိုင်ရေးနှင့် ဝန်ဆောင်မှုအားလုံးကို လူထုလက်တစ်ကမ်းသို့ အနီးဆုံး ရောက်ရှိနိုင်ရေး ဆောင်ရွက်ခဲ့မှုများတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အသွင်ကူးပြောင်းမှုသည် လက်ရှိအခြေအနေတွင်တော့ ရှေ့တန်းသို့ အရောက်ဆုံး ဖြစ်နေသည်ကို မြင်တွေ့ရသည်။

"ကျွန်တော့်အိမ် ပြန်ပြင်ဆောက်ဖို့အတွက် မြေပုံကူးဖို့ စည်ပင်ကိုလျှောက်တယ်။ အပြင်မှာပြောနေကြတာက နှစ်လတိတိကြာမယ်။ အမြန်လိုချင်ရင် ပိုက်ဆံပေးရတယ်တဲ့။ ကျွန်တော်ကလည်း အင်တာနက်သုံးတတ်နေတော့ စည်ပင်ရဲ့ဝက်ဘ်ဆိုက်ကိုဝင်ကြည့်ပြီး အွန်လိုင်းကနေ အချက်အလက်တွေဖြည့်ပြီး လျှောက်လိုက်တယ်။ ငွေသွင်းတာရောဘာရော အားလုံးပေါင်း ငါးရက်ပဲကြာတယ်။ ပွဲခလည်း မလိုဘူး၊ လက်ဖက်ရည်ဖိုးလည်း မပေးရဘူး။ အဓိကက လူထုက အွန်လိုင်းကိုမကျွမ်းကျင်ကြသေးလို့ပါ။ ဌာနဆိုင်ရာတွေရဲ့ အွန်လိုင်းအချက်အလက်တွေ Update ဖြစ်နေရင် လူကိုယ်တိုင် လာကြတော့မှာမဟုတ်ဘူး။ အဲဒါမှ e-Government ဖြစ်လာမှာ။ ဆော့ဖ်ဝဲတွေကသာ အဆင့်မြင့်နေမယ်။ တကယ်တမ်းလည်း လုပ်ငန်းစဉ်အားလုံး အချိန်နဲ့တစ်ပြေးညီ ဒစ်ဂျစ်တယ်စနစ်ဖြစ်ထားမယ်ဆိုရင် လူတွေက အစိုးရအပေါ် ယုံကြည်မှုပိုလာမှာဖြစ်သလို နိုင်ငံ့ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်ကိုလည်း မြင့်တင်ရာရောက်မယ်"ဟု အွန်လိုင်းမှတစ်ဆင့် မြေပုံကူးသူ အိမ်ပိုင်ရှင်တစ်ဦးက ၎င်း၏အတွေ့အကြုံကို ပြောကြားသည်။

ရန်ကုန်မြို့တော်သည် မြန်မာတစ်နိုင်ငံလုံးတွင် လူဦးရေအများဆုံးနေထိုင်သည့် စီးပွားရေးမြို့တော်ကြီး ဖြစ်ခြင်းကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသည် လုပ်ငန်းအလိုက် ဌာနအသီးသီးခွဲကာ ပြည်သူများအား ဝန်ဆောင်မှုပေးလျက်ရှိသည်။ မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ အိုးအိမ်များ၏ မှတ်တမ်းမှတ်ရာ အချက်အလက်များနှင့် အခွန်အခဆိုင်ရာမှတ်တမ်းများအားလုံးကို ကိုလိုနီခေတ်ကတည်းက စာရွက်စာတမ်းများဖြင့် မှတ်သားပြီး သိုလှောင်ထိန်းသိမ်းခဲ့ရာ လုပ်ငန်းဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာ နှောင့်နှေးမှုများ ရှိခဲ့ပြီး ဝန်ဆောင်မှုရယူသည့် ပြည်သူများအတွက် အဆင်မပြေမှုများ ကြုံတွေ့ခဲ့ရသည်။

"၂၀၁၂ ခုနှစ်မှာ Yangon City Website ကို တင်ခဲ့ပါတယ်။ ဒါပေမယ့် နည်းပညာမပြည့်စုံတာရော ကျွမ်းကျင်ဝန်ထမ်းနည်းတာကြောင့်ပါ သတင်းအချက်အလက်ပြန်ကြားပေးတဲ့အဆင့်လောက်သာ လုပ်နိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ပြည်တွင်းပြည်ပ နည်းပညာကုမ္ပဏီတွေနဲ့ပူးပေါင်းပြီး ဝန်ထမ်းတွေကို အဆင့်မြှင့်တင်တာတွေ တောက်လျှောက်လုပ်ခဲ့ပါတယ်။ တစ်ဖက်မှာလည်း ကော်မတီရဲ့ ဝက်ဘ်ဆိုက်ကနေ နေ့စဉ်လှုပ်ရှားမှုတွေကို နာရီမလပ် ထုတ်ပြန်နိုင်အောင် ကြိုးပမ်းခဲ့ပြီး အွန်လိုင်းဝန်ဆောင်မှုတွေကို စတင်ခဲ့ပါတယ်။ အွန်လိုင်းဝန်ဆောင်မှုမှာလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ဌာနအသီးသီး ချိတ်ဆက်မှု၊ မှတ်တမ်းမှတ်ရာတွေကို ဒစ်ဂျစ်တယ်စနစ်နဲ့ သိုလှောင်သိမ်းဆည်းမှု၊ မှတ်တမ်းမှတ်ရာတွေရယူ သုံးစွဲရာမှာလည်း Computerized စနစ်တစ်ခုလုံး အစားထိုးနိုင်အောင် အဆင့်ဆင့်ကြိုးပမ်းခဲ့တဲ့အတွက် အခုအချိန်မှာ အများကြီးအောင်မြင်ပြောင်းလဲလာခဲ့ပါတယ်"ဟု ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ပြောကြားသည်။

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ မှတ်တမ်းမှတ်ရာများကို စာရွက်စာတမ်းများဖြင့် သိမ်းဆည်းသည့် စနစ်မှသည် ဒစ်ဂျစ်တယ်စနစ်ဖြင့် သိမ်းဆည်းသည့်အဆင့်သို့ ကူးပြောင်းနိုင်ရေးအတွက် ကော်မတီပိုင် Data Center ကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် စတင်တည်ဆောက်ခဲ့သည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် အချက်အလက်သိုလှောင်သိမ်းဆည်းမှုများ ဆုံးရှုံးမှုမရှိစေရေးအတွက် (၃၈)လမ်းတွင် Backup Data Center တစ်ခုကိုလည်းကောင်း၊ အွန်လိုင်းငွေပေးချေရေးစနစ်များ ဆောင်ရွက်ရန်အတွက် မြို့တော်ဘဏ်(မင်္ဂလာဈေး)တွင်လည်း Data Center တစ်ခုကိုလည်းကောင်း တည်ဆောက်ထားပြီးဖြစ်ကြောင်း သိရသည်။

"ကော်မတီရဲ့ လုပ်ငန်းစဉ်တွေအားလုံး e-Government ဖြစ်ဖို့အတွက် LAN စနစ်တွေကိုလည်း ဌာနအားလုံးမှာ တပ်ဆင်ထားပြီးဖြစ်ပါတယ်။ မြို့နယ်နဲ့ခရိုင် စည်ပင်သာယာရုံးတွေမှာလည်း Mini Server တွေ တပ်ထားပြီး Data Center ထဲကို အချိန်နဲ့တစ်ပြေးညီ ဝင်ရောက်ဖို့ အင်တာနက်လိုင်းတပ်ဆင်သုံးစွဲမှု Wide Area Network စနစ်လည်း အောင်မြင်ခဲ့ပါပြီ။ အသုံးပြုဖို့အတွက် ဝန်ထမ်းပေါင်း ၁၀၀၇ ဦးအထိ နည်းပညာသင်တန်းတွေ ပေးခဲ့ရသလို ဝန်ထမ်းတွေရဲ့ mindset ကိုလည်း အများကြီးပြောင်းဖို့ ကြိုးစားခဲ့ရပါတယ်။ အခုအချိန်မှာ ကော်မတီရဲ့ နည်းပညာကျွမ်းကျင်ပညာရှင် ဝန်ထမ်းတွေအများကြီး ထွက်ပေါ်လာခဲ့ပါပြီ"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးက ပြောကြားသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ မြေစီမံကိစ္စရပ်များအတွက် လျှောက်လွှာများကို မြို့နယ် ၂၂ မြို့နယ်အထိ အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်ပြီဖြစ်သည်။ ထို့ပြင် အဆောက်အအုံဆောက်လုပ်ခွင့်၊ ပြင်ဆင်ခွင့်၊ သက်တမ်းတိုးခွင့်၊ ဖျက်သိမ်းခွင့်နှင့် ပြီးစီးကြောင်း သက်သေခံလက်မှတ်လျှောက်ထားခွင့်၊ တိုက်ခန်းအမည်ပြောင်းခွင့်များကိုလည်း အွန်လိုင်းမှတစ်ဆင့် အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ လျှောက်ထားနိုင်သည့်အပြင် လုပ်ငန်းလိုင်စင်များနှင့် ကြော်ငြာဆိုင်းဘုတ်လုပ်ငန်းများကိုလည်း အွန်လိုင်းလိုင်စင်လျှောက်ထားမှုစနစ်ဖြင့် လျှောက်ထားနိုင်ကြောင်း သိရသည်။

"ပြည်သူတွေအနေနဲ့လည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ ဝက်ဘ်ဆိုက် www.ycdc.gov.mm ကို ဝင်ရောက်ပြီး ကော်မတီရဲ့ လုပ်ဆောင်မှုတွေ၊ ဝန်ဆောင်မှုတွေကို ကြည့်ရှုအသုံးပြုနိုင်ပါတယ်"

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ်များမှ အချက်အလက်များကို နေ့စဉ်စဉ်ဆက်မပြတ် စုဆောင်းပြုစုသိမ်းဆည်းလျက်ရှိသည်။ ခရိုင်လေးခုမှ ဈေးပေါင်း ၁၇၃ ဈေးရှိ ဈေးဆိုင်ခန်းများနှင့် သက်ဆိုင်သည့် အချက်အလက်များ၊ အောင်မင်္ဂလာ၊ ဒဂုံဧရာနှင့် ဘုရင့်နောင်ပွဲရုံအပါအဝင် ယာဉ်ရပ်နားစခန်းများ၊ ယာဉ်ရောင်းဝယ်ရေးစခန်းများမှဆိုင်ခန်းတိုင်း၏ မှတ်တမ်းမှတ်ရာများသည်လည်း နေ့စဉ် Data Center တွင်းသို့ ရောက်ရှိနေကြသည်။

"အခွန်အခတွေရဲ့ ပြေစာစနစ်တွေမှာ အရင်က အခွန်အမျိုးအစားအလိုက် ပြေစာတွေကို ရိုက်ပြီးထုတ်ခဲ့ကြတာမို့ ပြေစာပုံစံတွေကလည်း မတူညီခဲ့ပါဘူး။ အခုနောက်ပိုင်းမှာ ဘားကုတ်အသုံးပြုပြီး ပြေစာတွေကိုတူညီတဲ့ အခွန်အခပြေစာအဖြစ် ပြောင်းပေးနိုင်ခဲ့သလို ပိုမြန်တဲ့ပြေစာထုတ်စက်တွေနဲ့ ထုတ်ပေးနိုင်ခဲ့ပါတယ်။ မြို့နယ်အလိုက် အခွန်ကောက်ခံမှုတွေမှာလည်း မြို့နယ်ရုံးတွေကနေ ကော်မတီရုံးချုပ်အထိ နေ့စဉ်အချိန်နဲ့တစ်ပြေးညီ မှတ်တမ်းဝင်သိရှိနိုင်ပြီဖြစ်လို့ အကျင့်ပျက်ခြစားမှုတွေကိုလည်း ရှောင်ရှားနိုင်သလို ကွန်ပျူတာစနစ်ကြောင့် ဝန်ထမ်းတွေလည်း မလိုအပ်တဲ့ လုပ်ငန်းစဉ်တွေနဲ့ ပင်ပန်းရတာမျိုးကနေ အများကြီးသက်သာသွားခဲ့တယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဗဟန်းမြို့နယ်ရုံးမှ တာဝန်ရှိသူက ပြောကြားသည်။

ထို့ပြင် မြို့တော်နေပြည်သူများ ပေးဆောင်ရမည့် အခွန်အခများအား ဘဏ်များနှင့်ချိတ်ဆက်ကာ အွန်လိုင်းငွေပေးချေမှုစနစ်ကိုလည်း စတင်အကောင်အထည်ဖော်လျက်ရှိပြီး ပထမဆုံးအနေဖြင့် ဧရာဝတီဘဏ်နှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"နောက်ပိုင်းမှာ ရန်ကုန်တစ်မြို့လုံးအတွက် လမ်းတံတားဆိုင်ရာတွေနဲ့ ရေသွယ်ယူမှုဆိုင်ရာတွေကို သတင်းအချက်ပြည့်စုံဖို့အတွက် ပထဝီမြေပုံ (GPS) စနစ်တွေ တပ်ဆင်မှာပါ။ ဥပမာပြောရရင် အိမ်ဆောက်မယ့်သူတစ်ဦးအတွက် ရေပိုက်သွယ်တန်းမယ့် အနေအထား၊ လမ်းတံတားနဲ့သက်ဆိုင်တဲ့ အချက်အလက်တွေအပြင် မြေအောက်ရေစနစ်၊ မိလ္လာစနစ်စတာတွေကိုလည်း မြင်တွေ့တွက်ချက်နိုင်ဖို့ ကြိုးပမ်းသွားမှာပါ။ အမှိုက်သိမ်းယာဉ်တွေမှာလည်း GPS တွေ တပ်ထားပြီး အမှိုက်ကားတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ထိန်းကျောင်းသွားမှာ ဖြစ်ပါတယ်။ အွန်လိုင်းကနေ ဝန်ဆောင်မှုလျှောက်ထားသူတွေရဲ့ မိုဘိုင်းဖုန်းကို သတင်းတိုပေးပို့တဲ့စနစ်အသုံးပြုပြီး အကြောင်းပြန်ကြားပေးတာတွေလည်း လုပ်ပေးဖို့ရှိပါတယ်။ ဘတ်ဂျက်နဲ့ဆိုင်တဲ့ ရသုံးမှန်းခြေငွေစာရင်းတွေ၊ ဝန်ထမ်းတွေရဲ့မှတ်တမ်းတွေနဲ့ အချက်အလက်တွေအပါအဝင် မြို့တော်ခန်းမလုံခြုံရေးလုပ်ငန်းတွေကိုလည်း ဒစ်ဂျစ်တယ်စနစ်ကိုပြောင်းလဲသွားဖို့ ပြင်ဆင်ထားတယ်"ဟု အတွင်းရေးမှူး ဦးကျော်စိုးက ပြောကြားသည်။

e-Government သို့ကူးပြောင်းမှု စတင်ပြုလုပ်ခဲ့စဉ်က နည်းပညာဆိုင်ရာ အခက်အခဲ၊ လူ့စွမ်းအားအရင်းအမြစ် အားနည်းမှုနှင့် ဝန်ထမ်းများ၏ ရှေးရိုးစွဲစိတ်ဓာတ်များကို ဖယ်ရှားစေကာ ခေတ်မီလွယ်ကူသည့် ကွန်ပျူတာစနစ်ကို လက်တွေ့အသုံးပြုရန် ကြိုးပမ်းရမှုများသည် စိန်ခေါ်မှုများဖြစ်ခဲ့ကြောင်း ကော်မတီ၏ နည်းပညာအကြံပေး ကိုအောင်ဝင်းမြတ်ထံမှ သိရသည်။

အဆိုပါ ပြုပြင်ပြောင်းလဲရေးကာလအတွင်း ပူးပေါင်းဆောင်ရွက်ခြင်းမရှိသည့် ဝန်ထမ်းအချို့ကို ဌာနပြောင်းရွှေ့ခြင်းနှင့် အချို့ကို တာဝန်မှဖယ်ရှားခြင်းတို့အထိ ပြုလုပ်ခဲ့ရသည်ဟု သိရကြောင်း၊ ကွန်ပျူတာစနစ်သုံးစွဲမှုများကြောင့် လာဘ်ပေးလာဘ်ယူမှုများ လျော့နည်းကျဆင်းလာပြီး အချိန်တိုအတွင်း လုပ်ငန်း

စာမျက်နှာ ၇ သို့ »»



ရန်ကုန်မြို့တော်ခန်းမအား ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။ (ဓာတ်ပုံ- YCDC)



မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဆောင်ရွက်နေသည့် OSS ခန်းမကို တွေ့ရစဉ်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေကြမ်းအပါအဝင် ဥပဒေကြမ်း ၄ ခုကို မှတ်တမ်းတင်ခြင်းနှင့် ဆွေးနွေးခြင်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ **ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု ဥပဒေကြမ်း**အပါအဝင် ဥပဒေကြမ်း ၄ ခုကို မှတ်တမ်းတင်ခြင်းနှင့် ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် **ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု ဥပဒေကြမ်း** နှင့် **မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **၂၀၁၆ - ၂၀၁၇ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က လွှတ်တော်ဥပဒေနှင့် နည်းဥပဒေများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

**စာမျက်နှာ ၆ မှ »»**

မြန်ဆန်လာကြောင်း မြို့တော်စည်ပင်နှင့် ဆက်သွယ်၍ ဝန်ဆောင်မှု ရယူနေသူတစ်ဦးက ပြောကြားသည်။

"ဒစ်ဂျစ်တယ်ဝန်ဆောင်မှုကို ဒစ်ဂျစ်တယ်စနစ်တစ်ခုလုံး ကူးပြောင်းပြီးသွားတဲ့အခါ အထက်ကလူတွေပဲ ပြောင်းနေကြပြီး အောက်ခြေမပါလို့ မရပါဘူး။ ဝန်ထမ်းတွေအားလုံး ပူးပေါင်းဆောင်ရွက်ကြရတာဖြစ်ပါတယ်။ လိုလားစွာ ပူးပေါင်းဆောင်ရွက်မှုကနေ ပိုမိုကောင်းမွန်တဲ့ လုပ်ငန်းခွင်ကို နည်းပညာအကူအညီနဲ့ ပြောင်းလဲနိုင်တယ်ဆိုတာကို ယုံကြည်လာမှသာ အောင်မြင်တဲ့ အပြောင်းအလဲတစ်ခုဖြစ်လာတာပါ။ ကျွန်တော်တို့ လက်ထက်မှာ အမှန်တကယ် ပြောင်းလဲဖို့အတွက် ကြိုးပမ်းခဲ့တယ်။ လိုအပ်ချက်တွေရှိနေသေးတာကြောင့် ရာနှုန်းပြည့်တော့ မအောင်မြင်သေးပါဘူး။ သို့သော် e-Government လုပ်ငန်းစဉ်တွေအနေနဲ့ အရှေ့တစ်ခုအထိ အောင်မြင်ခဲ့တယ်။ ဆက်လက်လုပ်ဆောင်သွားရမှာဖြစ်ပြီး အခုလိုအနေအထားဖြစ်ဖို့အတွက် နှစ်နှစ်နဲ့ ၁၀ လ ကြိုးပမ်းခဲ့ရတာဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ e-Government ပြောင်းလဲတဲ့အတွေ့အကြုံအရ အွန်လိုင်းစနစ်တွင်သာမက Backup System ကြီးတစ်ခုလုံးပါ Digital စနစ်ကို ကူးပြောင်းကြမယ်ဆိုရင် အမြန်ဆုံးနဲ့အထိရောက်ဆုံး လုပ်ငန်းစဉ်တွေဖြစ်ဖို့ လွယ်ကူသွားပါပြီ။ Digital စနစ်ကို သုံးစွဲလာပြီဆိုရင် နိုင်ငံတော်သမ္မတကြီးပြောတဲ့ Good Governance၊ Clean Government ဖြစ်ဖို့အတွက် တိကျတဲ့လုပ်ထုံးလုပ်နည်းတွေကို နည်းပညာအကူအညီနဲ့ ရယူနိုင်သွားပါပြီ"ဟု မြို့တော်ဝန် ဦးလှမြင့်က မြန်မာ့အလင်းသို့ ဖြေကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းများနှင့် ဝန်ဆောင်မှုများကို နည်းပညာအရ မည်မျှပင် အဆင့်မြှင့်တင်ထားစေကာမူ ဝန်ဆောင်မှုရယူလိုကြသည့် ပြည်သူများ၏ အွန်လိုင်းအသုံးပြု ချိတ်ဆက်ဆောင်ရွက်ခြင်း အလေ့အထမှာ အားနည်းနေသေးသည်ကို မြင်တွေ့ရသည်။

"ပြည်သူတွေက အွန်လိုင်းဝန်ဆောင်မှုအပေါ်မှာ ရင်းနှီးကျွမ်းဝင်မှု အားနည်းနေပါသေးတယ်။ အွန်လိုင်းကနေ လိုင်စင်တွေ၊ ခွင့်ပြုမိန့်တွေ လျှောက်ထားကြတဲ့အခါမှာ အကြောင်းထူး၊ မထူးသိရလောက်အောင် ပြန်ပို့ပေးရမယ့် ကိုယ်ပိုင်အီးမေးလ်လိပ်စာတွေမရှိကြဘူး။ ရှိပေမယ့်လည်း ပုံမှန်သုံးစွဲတာမျိုး မရှိကြဘူး။ အွန်လိုင်းလျှောက်ထားလိုပေမယ့် အချက်အလက်တွေအားလုံးဟာ စာရွက်တွေနဲ့ချည်း ဖြစ်နေကြတယ်။ ရေမလာတာ၊ အမှိုက်မသိမ်းတာ၊ ရေဆိုးစုပ်တာစတဲ့ ဝန်ဆောင်မှုတွေကအစ တိုင်ကြားဖို့၊ စုံစမ်းမေးမြန်းဖို့ မြို့တော်စည်ပင်ဝက်ဘ်ဆိုက်မှာ နေ့စဉ်ဖော်ပြပေးနေပေမယ့် အသုံးပြုသူနည်းပါးနေသေးတယ်။ ပြည်သူတွေအနေနဲ့လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ဝက်ဘ်ဆိုက် www.ycdc.gov.mm ကို ဝင်ရောက်ပြီး ကော်မတီရဲ့လုပ်ဆောင်မှုတွေ၊ ဝန်ဆောင်မှုတွေကို ကြည့်ရှုအသုံးပြုနိုင်ပါတယ်"ဟု ကိုအောင်ဝင်းမြတ်က ပြောကြားသည်။

ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အအုံ မြို့တော်ခန်းမကြီးက ကွန်ပျူတာမျက်နှာပြင်ပေါ်တွင် ခံ့ညားလှပစွာ ထွက်ပေါ်လာသည်။ မိုဘိုင်းဖုန်း သို့မဟုတ် ကွန်ပျူတာမှ တစ်ဆင့် အသုံးပြုနိုင်သည့် Window8 ဒီဇိုင်းဖြင့် ခြယ်မှုန်းထားသော မြို့တော်စည်ပင်ဝက်ဘ်ဆိုက်ပေါ်တွင် ကလစ်နှိပ်ချက်တိုင်းသည် ရန်ကုန်မြို့တော်သူ မြို့တော်သားများအတွက် မြို့တော်စည်ပင်၏ ဝန်ဆောင်မှုများပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်သူများအနေဖြင့် အွန်လိုင်းမှပင် လွယ်ကူလျင်မြန်စွာ ရယူနိုင်ကြပြီဖြစ်သည်။ မြန်ဆန်သည့် e-Government အနှစ်သာရပြည့်စွာဖြင့် ပြည်သူ့ဝန်ဆောင်မှု ပေးအပ်နိုင်ရန်ကြိုးပမ်းခြင်းက electronic မြို့တော်ရန်ကုန်ဖြစ်လာရေးအတွက် အခြေခံကောင်းတစ်ခုပင် ဖြစ်ပါကြောင်း။ ။

**●ရှေ့ဖုံးမှ**

GSP ပေးတာမျိုးတွေ ဖြစ်လာခဲ့ရင် တိုင်းပြည်အတွက် အများကြီးအခြေအနေကောင်းမယ်"ဟု ၎င်းက ပြောသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ပိုင်ခွင့်များကို ဖြေလျှော့သွားမည်ဖြစ်ကြောင်း၊ အချို့လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြရန်မလိုဘဲ တိုက်ရိုက်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များအနေဖြင့်လည်း စီးပွားရေးလုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူပြီး အကာအကွယ်ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

လက်ရှိအစိုးရလက်ထက်တွင် သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ သီလဝါအထူးစီးပွားရေးဇုန်ကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်မှ ယခုနှစ် ဒီဇင်ဘာ ၁၈ ရက်အထိ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ကုမ္ပဏီ ၄၈ ခုကို ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး ကုမ္ပဏီ ၄၆ ခုအား အဖွဲ့အစည်း မှတ်ပုံတင်ပေးနိုင်ခဲ့ကြောင်း၊ ကုမ္ပဏီ ၄၈ ခု၏ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရှိကြောင်း သိရသည်။

သတင်း - မင်းသစ်
ဓာတ်ပုံ - ဇော်မင်းလတ်

# ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်ပညာရေးတက္ကသိုလ်၏ (၂၁) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းနေဖက်များ ပြန်လည်တွေ့ဆုံပွဲသို့ တက်ရောက်ကြရန်နှင့် ကုသိုလ်ပြုလိုသူများ မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ ရန်ကုန်ပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့် ဖုန်း-၀၉ ၅၁၅၇၁၄၆ နှင့် အတွင်းရေးမှူး ဦးကျော်မိုးဦး ဖုန်း- ၀၉ ၅၃၉၄၅၆၈ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# အထူးကုန်စည်ခွန်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီနှစ်ရပ် စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသည့် အထူးကုန်စည်ခွန်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော်(Dဆောင်) ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူပေါင်းကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပူးပေါင်းကော်မတီနှစ်ရပ်မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မတီဝင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

# (၃၄)ကြိမ်မြောက် မြန်မာ့ပုလဲရောင်းချပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း (၃၄)ကြိမ်မြောက် မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ယနေ့ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ပုလဲရောင်းချပွဲတွင် အတွဲပေါင်း ၃၇၆ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ရာ တင်ဒါတင်သွင်းသူများ၊ ပုလဲအတွဲများကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။ ယနေ့တွင် ပုလဲအတွဲ (၁)မှ (၁၂၇) ကို မွန်းတည့် ၁၂ နာရီတွင် တစ်ကြိမ်၊ ပုလဲအတွဲ (၁၂၈) မှ (၂၅၃) ကို ညနေ ၄ နာရီတွင် တစ်ကြိမ် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့သည်။




ပုလဲအတွဲ (၁)မှ (၁၂၇)ထိတွင် ပုလဲအတွဲပေါင်း ၁၁၅ တွဲကို ရောင်းချခဲ့ရပြီး အတွဲ (၁၂၈ မှ ၂၅၃) တွင် အတွဲပေါင်း ၁၀၉ တွဲကို ရောင်းချခဲ့ရပြီး စုစုပေါင်း ပုလဲအတွဲ ၂၂၄ တွဲရောင်းချခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အလင်းရောင်ကြယ်စင် ကျေးရွာစာကြည့်တိုက်ဖွင့်

**ဖျာပုံ ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကြံခင်းစုကျေးရွာအုပ်စု ကျုံခရမ်းကျေးရွာ "အလင်းရောင်ကြယ်စင်" ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ စာနာသောလက်များ လူမှုဖွံ့ဖြိုးရေးအဖွဲ့မှ ဆရာငြိမ်းကျော်ကျော်လတ်က စာပေနှင့် ပတ်သက်သော အတွေ့အကြုံဗဟုသုတများကို မျှဝေပေး၍ လည်းကောင်း၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင် ဦးငွေလှမိုးက စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်းကောင်း ပြောကြားကြသည်။

ထို့နောက် စာအုပ်၊ စာစောင်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးတို့က ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကြီးကြပ်မှုကော်မတီတစ်ဦးက လက်ခံရယူသည်။

ယနေ့ဖွင့်လှစ်သော "အလင်းရောင်ကြယ်စင်" စာကြည့်တိုက်သည် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်ထားခြင်း ဖြစ်ကြောင်း သိရသည်။ **(သပြေထွန်း)**

# ထွန်းဖောင်ဒေးရှင်းစာပေဆုများ ထုတ်ပြန်ကြေညာ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များပေါ် ထွန်းရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် "ထွန်းဖောင်ဒေးရှင်းစာပေဆု" ကို ၂၀၀၆ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများ ရွေးချယ်ချီးမြှင့်နိုင်ရန် စာအုပ်စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့ရာ ၂၀၁၅ ခုနှစ် (ဒသမအကြိမ်) ထွန်းဖောင်ဒေးရှင်းစာပေဆုများချီးမြှင့်ရန် ရွေးချယ်ထားသည့် စာအုပ်စာမူများစာရင်းကို ထုတ်ပြန်ကြေညာသည်။

၂၀၁၅ခုနှစ် ထွန်းဖောင်ဒေးရှင်း တစ်သက်တာ စာပေဆုရှင်များအဖြစ် ဆရာကြီး ဦးမြင့်ကြည်( တက္ကသိုလ်မြတ်စိုး)၊ ဆရာကြီးဦးစံလွင်(တောင်ခိုး) နှင့် ဆရာကြီးဦးတင်ခ (တက္ကသိုလ်တင်ခ)တို့အား ဂုဏ်ပြုရွေးချယ်ချီးမြှင့်သည်။

စီးပွားရေးစာပေဆုတွင် သက်ထွန်းဦးရေးသားသည့် အများပိုင်ကုမ္ပဏီများ စတော့အိတ်ချိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဈေးကွက်၊ ကျန်းမာရေးစာပေဆုတွင် ဒေါက်တာလှမ်းမိုးဟန်ရေးသားသည့် ကင်ဆာဆောင်ထဲလမ်းလျှောက်ခြင်း၊ ကလေးစာပေဆုတွင် မောင်မိုးလှိုင်(သစ္စာမြေ) ရေးသားသည့် ကျေးလက်တောရွာ ဒို့မြန်မာ၊ စကားထာဖော်ညွှန်း ဉာဏ်မော်ကွန်း ကလေးကဗျာများ၊ လူငယ်စာပေဆုတွင် အေးဖြူရေးသားသည့် စိတ်ခွန်အားဖြည့် သုတစာစုများ၊ အတ္ထုပ္ပတ္တိစာပေဆုတွင် သခင်တင်မြရေးသားသည့် ဘုံဘဝကိုဖြင့်မျှော်တိုင်းဝေးပေါင်းချုပ်၊ သမိုင်းစာပေဆုတွင် မင်းဘူးအောင်ကြိုင်ရေးသားသည့် အနော်ရထာမင်းကြီး၏ ကင်းတပ် ၄၃ မြို့၊ ယဉ်ကျေးမှုစာပေဆုတွင် ထွန်းရီ(ရှေးဟောင်းသုတေသီ) ရေးသားသည့် ကဗျာ့ရိပ်မြုံ၊ စာပန်းရဂုံ (မိတ်ဆက်၊ နိဒါန်း၊ နိဂုံး၊ ဖြည့်စွက်)၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးစာပေဆုတွင် ဝင်းကျော်ရေးသားသည့် မဟာအာရှ မြစ်ကြီးများနှင့် ရေအသုံးချမှုပဋိပက္ခများ၊ သုတပဒေသာစာပေဆုတွင် မြင့်မိုရ်ဆွေရေးသားသည့် ကောင်းကင်ဘုံကိုမျှော်၍ ငရဲသို့ရောက်ရှိခြင်း၊ စာပဒေသာစာပေဆုတွင် Thant Myint -Uရေးသားသည့် WHERE CHINA MEETS INDIA BURMA AND THE NEW CROSSROADS OF ASIA စာအုပ်ကို ဟိန်းလတ်မြန်မာပြန်ဆိုထားသော တရုတ်နှင့် အိန္ဒိယဆုံမှတ်၊ မြန်မာနိုင်ငံနှင့် အာရှ၏လမ်းဆုံ လမ်းခွသစ်များ စာအုပ်တို့က ရရှိကြသည်။

ရည်ညွှန်းကျမ်းစာပေဆု(အင်္ဂလိပ်)တွင် တောင်ခိုးမြန်မာပြန်သည့် COMPACT VISUAL English- Myanmar Dictionary နှင့်သုတပဒေသာစာပေဆု(အင်္ဂလိပ်)တွင် Professor HLA TUN AUNG ရေးသားသည့် SELECTED ARTICLES IN GEOGRAPHY စာအုပ်တို့က ရရှိကြသည်။

စာမူဆုအတွက် ကလေးစာပေဆုတွင် မြေလတ်မောင်မြင့်သူရေးသားသည့် ကြယ်အလင်းနဲ့လှရအောင် ကလေးကဗျာများ၊ လူငယ်စာပေဆုတွင် အောင်နှင်းရေးသားသည့် အမုန်းများငြိမ်းစေသတည်းနှင့် ပညာတော်သင်ကာလ နေ့ရက်များ၊ အတ္ထုပ္ပတ္တိ စာပေဆုတွင် မောင်ငြိမ်းအေး(မြစ်ခြေ) ရေးသားသည့် ပုခန်းကြီး ခရိုင်ဝန်မင်းကြီး ဦးရိပ်နှင့် ပုဂံမြို့ဝန်စစ်ကဲကြီး ဦးမှုံတို့၏ ဘဝပုံရိပ်မှတ်တမ်း၊ သမိုင်းစာပေဆုတွင် ကိုမော် (အောင်သမာဓိ)ရေးသားသည့် မြန်မာ့ရွှေသမိုင်း၊ ယဉ်ကျေးမှုစာပေဆုတွင် နန္ဒာမင်းလွင်ရေးသားသည့် အညာပုဂံမြို့တော်ဟောင်း တကောင်းသမိုင်းရာပုံတော်၊ ရှေးဟောင်းကျမ်းစာပေဆုတွင် မင်းနိုင်(မြန်မာစာ) ရေးသားသည့် လက်ဝဲသုန္ဒရ၏ စစ်ပျို့သုံးစောင်လေ့လာချက်၊ ရည်ညွှန်းစာပေဆု(အင်္ဂလိပ်)တွင် U Thein Hlaing ရေးသားသည့် Myanmar -English Dictionary of Ancient Myanmar Historical Therms တို့က ရရှိကြသည်။

ဒသမအကြိမ်မြောက် ထွန်းဖောင်ဒေးရှင်းတစ်သက်တာစာပေဆုအတွက် ဆုငွေကျပ်သိန်း ၂၀ နှင့် စာအုပ်ဆုအတွက် ဆုငွေကျပ် ၁၅ သိန်းနှင့် ထွန်းဖောင်ဒေးရှင်းအမှတ်တံဆိပ်ပါ ရွှေတံဆိပ်နှင့် ပူးတွဲချီးမြှင့်မည်ဖြစ်ပြီး စာမူဆုအတွက် ဆုငွေကျပ်ခုနစ်သိန်းတိတိ ချီးမြှင့်မည်။

ထွန်းဖောင်ဒေးရှင်းစာပေဆုချီးမြှင့်သည့် အခမ်းအနားကို မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပရန်လျာထားပြီး ဆုချီးမြှင့်သည့် အခမ်းအနား ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ ဆုရရှိသူများသည် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ အမှတ်(၂၃/၂၄) ဗဟိုစည်ရိပ်သာ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ် ဖုန်း ၀၉-၇၃၁၀၄၄၈၇ သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံ(၂)ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်း ပေးပို့ကြရန်ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် ထုတ်ဝေသည့်စာအုပ်များနှင့် မိမိကိုယ်တိုင်ရေးသားပြုစုထားသောစာမူများကို ပေးပို့လိုသော စာပေပညာရှင်များသည် ယနေ့မှစတင်၍ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃၀ရက်အတွင်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ့ပညာရေးကဏ္ဍတိုးတက်ရေး ယူနက်စကိုနှင့် Panasonic တို့က ဆိုလာယူနစ်များလှူဒါန်း

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန၏ ပူးပေါင်းပါဝင်မှုဖြင့်(UNESCO)ယူနက်စကိုနှင့် Panasonic ကော်ပိုရေးရှင်းတို့က ကြီးမှူးကျင်းပသော မြန်မာနိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာသင်ကျောင်းများအား မြှင့်တင်ခြင်း စီမံချက်တစ်ရပ်ကို စတင်လိုက်သည်။ ယခုအစီအစဉ်သည် မြန်မာနိုင်ငံရှိ ပညာသင်ကြားနေသူများအား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော လူနေမှုပုံစံများနှင့်အညီ လူမှုရေးအရတာဝန်ယူနိုင်သော နိုင်ငံသားများဖြစ်လာစေရန်နှင့် အနာဂတ်၏ခေါင်းဆောင်များဖြစ်လာစေရန် လုပ်ပိုင်ခွင့်ပေးခြင်းဖြစ်ပြီး ပုဂ္ဂလိကနှင့်ပြည်သူများ ပူးပေါင်းမှု၏ ပထမဆုံးခြေလှမ်းဖြစ်သည်။

၂၀၃၀ ပညာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအစီအစဉ်များတွင် ငြိမ်းချမ်းပြီးစဉ်ဆက်မပြတ်တိုးတက်သော လူမှုအသိုက်အဝန်းများနှင့် စဉ်ဆက်မပြတ်တိုးတက်မှုရရှိစေရန်အတွက် ပညာရေး၏ဗဟိုကျမှုကို အလေးပေးထားပြီး မြန်မာနိုင်ငံ၏ အခြေခံပညာသင်ရိုးညွှန်းတမ်းမူဘောင်တွင် ပညာသင်ကြားသူများအနေဖြင့် လူ့ကျင့်ဝတ်စည်းကမ်းများအားလိုက်နာရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးနှင့် စဉ်ဆက်မပြတ်တိုးတက်ရေးဆိုင်ရာစည်းမျဉ်းများပါဝင်ကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဇော်မင်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ယူနက်စကိုမြန်မာရုံးအကြီးအကဲ ဆာဒါအူမာအလမ်းက စီမံကိန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု၊ ပတ်ဝန်းကျင်နှင့်ဇီဝမျိုးကွဲများထိန်းသိမ်းမှုနှင့် မြန်မာနိုင်ငံရှိယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှုနှင့်သက်ဆိုင်သော အယူအဆများကို နားလည်သဘောပေါက်ရန် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများကို အထောက်အကူပြုမည်ဖြစ်သည်။

ယခုစီမံချက်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် Panasonic အနေဖြင့် ယူနက်စကိုမြန်မာအား ဒေါ်လာ ၂၅၀၀၀၀ထောက်ပံ့ပေးမည်ဖြစ်ပြီး ပုဂံဒေသနှင့်အနီးပတ်ဝန်းကျင် လျှပ်စစ်မီးအကန့်အသတ်ဖြင့်သာ ရရှိသောဒေသများရှိ ကျောင်းပေါင်း၄၀သို့ နေရောင်ခြည်စွမ်းအင်သိုလှောင်နိုင်သောEneloop solar StorageUnits 500 အား လှူဒါန်းသွားမည်ဖြစ်ကာ စာသင်ခန်းအတွင်း၌ သင်ယူမှုတိုးတက်သော ပတ်ဝန်းကျင်ကိုဦးတည်စေမည်ဖြစ်သည်။ "ပုဂံအထင်ကရဒေသတွေမှာနေထိုင်တဲ့ ပြည်သူတွေဆီကို ကျွန်တော်တို့ရဲ့ဆိုလာစွမ်းအင်တွေသုံးခြင်းအားဖြင့် ဒီဒေသက ကျောင်းသားတွေမိုးကြီးပြီးမီးပျက်တဲ့ ညတွေမှာစာကျက်ဖို့ ရည်ရွယ်ပြီး လှူဒါန်းခြင်းဖြစ်ပါတယ်" ဟု Panasonic Asia Pacific Myanmar၏ကိုယ်စားလှယ် Mr.Hisakazu Maeda က ပြောကြားသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် အခြေခံအဆောက်အအုံ စီမံကိန်းများ လျင်မြန်စွာတိုးတက်နေသောကြောင့် ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ကို ဒေသခံအသိုင်းအဝိုင်းများနှင့် ပါဝင်ပတ်သက်သူများ၏ အပြည့်အဝပါဝင်မှုဖြင့် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် လုပ်ဆောင်လျက်ရှိသည်။

**(စိန်ရင်)**

**○MNL အသင်းမှ**

ရာသီကြိုခြေစမ်းပွဲများတွင် နှစ်ပွဲဆက်အနိုင်ရထားသည့် ဟံသာဝတီအသင်းမှာ ခြေအသာရခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့၍သာ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ချင်းယူနိုက်တက်မှာ မနောမြေအသင်းနှင့် ခြေစွမ်းကစားခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ နိုင်ပွဲရယူခဲ့သည့် မနောမြေ အသင်းမှာ တစ်ရက်တည်း ခြေစွမ်းပွဲနှစ်ပွဲကစားခဲ့ပြီး ညနေပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည်။ ရာသီကြိုခြေစမ်းပွဲများတွင် အသင်းကြီးများကို အနိုင်ကစားနေသည့် မနောမြေအသင်းမှာ ရှမ်းယူနိုက်တက်ကို တစ်ဂိုးစီ သရေကစားခဲ့သည်။ မနောမြေအတွက် ဖြိုးမောင်မောင်က ဂိုးသွင်းယူခဲ့ပြီး ရှမ်းအတွက် ဇင်မင်းထွန်းက ဂိုးသွင်းယူပေးခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းမှာ ရာသီကြိုခြေစမ်းပွဲများတွင် သုံးပွဲဆက်ဂိုးပြတ်အနိုင်ရရှိထားမှုမှာ လေးပွဲမြောက်တွင်ရပ်တန့်ခဲ့ခြင်းဖြစ်သည်။

ဧရာဝတီအသင်းနှင့် ဇွဲကပင်အသင်းတို့၏ ခြေစမ်းပွဲတွင် ဧရာဝတီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဧရာဝတီအတွက် ခြေစွမ်းပိုင်းစမ်းသပ်နေသည့် နိုင်ဂျီးရီးယား တိုက်စစ်မှူး ခရစ္စတိုဖာလ်က ပထမဂိုးနှင့် သီဟဇော်က ဒုတိယဂိုးတို့သွင်းယူခဲ့ပြီး ဇွဲကပင်အတွက် ချေပဂိုးကို ဒုတိယပိုင်းတွင် ဂျူနီယာက သွင်းယူပေးခဲ့သည်။MNL ကလပ်အသင်းများမှာ ဒီဇင်ဘာ နောက်ဆုံးပတ်တွင် ခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။

# ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ခရမ်း ဒီဇင်ဘာ ၂၃**

ခရမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၁၄ ရွာမှ ကျုံးတူးကျေးရွာ၊ ပလူကျေးရွာ၊ ဆင်ကျွန်းကျေးရွာနှင့် ကွဲဒလင်းကျေးရွာတို့တွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ ခရမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကျေးလက်ဦးစီး)**

# ခရစ်တော် မွေးနေ့တော်အကြိုအခမ်းအနား နေပြည်တော် ပျဉ်းမနားတွင်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**



ခရစ်တော်မွေးနေ့တော်အကြိုဝတ်ပြုကိုးကွယ်ခြင်း အခမ်းအနားကို နေပြည်တော် ပျဉ်းမနားရှိ မြို့မနှစ်ခြင်းအသင်းတော် ဘုရားကျောင်းမေခန်းမ၌ ယနေ့ညပိုင်းက ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ဦးလှဇက်က ခရစ်တော်၏ဂုဏ်တော်ကိုချီးမွမ်းပြီး Rev. ဒေါက်တာတင်မောင်အေး (မြန်မာနှစ်ခြင်း)က မွေးနေ့တော်နှုတ်ခွန်းဆက် စကားပြောကြားကာ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဘာသာတရားတိုင်းသည် လူသားတို့ရဲ့ စိတ်နှလုံးကို ယဉ်ကျေးသိမ်မွေ့စေသည့်အတွက် လူသားအချင်းချင်း၊ ဘာသာဝင်အချင်းချင်း မေတ္တာပြဟ္မစိုရ်တရားများ ပွားများစေပြီး လူ့ကျင့်ဝတ်နှင့်အညီ လေးစားလိုက်နာ ကျင့်သုံးခြင်းအားဖြင့် လူ့သိက္ခာ တိုးတက်မြင့်မားလှသည့် ယဉ်ကျေးမှုအသစ်များ ထွန်းကားလာစေမည်ဖြစ်ကြောင်း နှုတ်ခွန်းဆက်စကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက်သိက္ခာတော်ရ ဆရာတော် ဦးဇင်လှက မွေးနေ့တော် နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ခရစ္စမတ်ဂုဏ်တော် ချီးမွမ်းခြင်းနှင့် သိက္ခာတော်ရ ဆရာတော် Rev. ပါရလ်ဟန်က မွေးနေ့တော် အထူးဆုတောင်းခြင်း၊ Rev ဒေါက်တာမယ်ဗင်အေးဝေက "Merry X'Mas" သီချင်းသီဆို ကောင်းချီးပေးပြီးနောက် တက်ရောက်သူများအား အမှတ်တရ X'Mas လက်ဆောင်ပေးခြင်း၊ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ မွေးနေ့တော် အကြိုအခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဒုတိယရှေ့နေချုပ်၊ သိက္ခာတော်ရ ဆရာတော်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ခရစ္စမတ်အကြိုနေ့ ဒီဇင်ဘာ ၂၄ ရက်နှင့် ဒီဇင်ဘာ၂၅ ရက် ခရစ္စမတ်နေ့များတွင် နံနက်ပိုင်း၌ မြန်မာနှစ်ခြင်းများကလည်းကောင်း၊ ညနေပိုင်းတွင် ချင်းနှစ်ခြင်းများကလည်းကောင်း တေးဂီတ အစီအစဉ်များ၊ တရားဟောခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အနိမ့်ဆုံးအပူချိန်စံချိန်သစ်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒီဇင်ဘာ ၂၃ ရက်က ထုတ်ပြန်သည့် ခန္တီးမြို့၏ အနိမ့်ဆုံးအပူချိန် စံချိန်သစ်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | စခန်းအမည် | အနိမ့်ဆုံးအပူချိန် စံချိန်သစ် | | အနိမ့်ဆုံးအပူချိန် စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှ စ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁ | ခန္တီး | ၃. ၁ | ၃၇. ၆ | ၅. ၀ | ၄၁. ၀ | ၂၈. ၁၂. ၁၉၆၉ | ၅၁ |

## အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၉ ။)**
**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေး ဝန်ကြီးဌာနကို ဆိုသည်။"

၃။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၇)တွင်ပါရှိသော "မြန်မာ့အာမခံမှ အရာရှိ ၁ ဦး" ဆိုသည့်စကားရပ်ကို "ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ အရာရှိ ၁ ဦး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၆ တွင်ပါရှိသော "မြန်မာ့အာမခံ" ဆိုသည့် စကားရပ်ကို "ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေး ဦးစီးဌာန"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၃၅ ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇၀ ။)**
**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေး ဝန်ကြီးဌာနကိုဆိုသည်။"

၃။ ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) တွင် ဖော်ပြထားသော "သမဝါယမအသင်းများ" ဆိုသည့်စကားရပ်ကို "ငွေစုငွေချေး သမဝါယမ အသင်းများ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (င) တွင် ဖော်ပြထားသော "အသင်းအဖွဲ့များ" ဆိုသည့် စကားရပ်ကို "အသင်းအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ ငွေစုသူသည် ငွေစုဘဏ်စာရင်းဖွင့်လှစ်သည့်အခါ သို့မဟုတ် ငွေစုလက်မှတ် ဝယ်ယူသည့်အခါ မိမိ၏စုငွေနှင့် အတိုးခံစားခွင့်များကို မိမိလွှဲပြောင်းလိုသည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် ပုဂ္ဂိုလ်များအား အကျိုးခံစားခွင့် လွှဲအပ်ထားနိုင်သည်။"

၆။ ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၂။ ငွေစုသူသည် မိမိအကျိုးခံစားခွင့်လွှဲအပ်ထားခြင်းခံရသူများ၏ အမည်စာရင်းကို ပြင်ဆင်လိုပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ငွေစုဘဏ်သို့ တင်ပြလျှောက်ထားနိုင်သည်။"

၇။ ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က)ငွေစုမှတ်တမ်းနှင့် ငွေစုလက်မှတ်တို့ကို လုံခြုံစွာထိန်းသိမ်းရန် တာဝန်ရှိသည်။ ပျောက်ဆုံးပါက ဘဏ်သို့ အမြန်ဆုံးအကြောင်းကြား ရမည်။"

၈။ ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) အကျိုးခံစားခွင့်လွှဲအပ်ထားခြင်းမရှိသော ငွေစုသူ သေဆုံးပါက စုငွေလက်ကျန်ကို အမွေထိန်းစာလက်မှတ် သို့မဟုတ် အမွေဆက်ခံခွင့် လက်မှတ် တင်ပြရန်မလိုဘဲ ငွေစုဘဏ်မှ သတ်မှတ်ထားသည့် လိုအပ်သည့် စာရွက်စာတမ်းများ တင်ပြနိုင်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တရားဝင်မွေးစားထားသော သားသမီး သို့မဟုတ် ယင်းတို့မရှိလျှင် မြေး သို့မဟုတ် ယင်းတို့ မရှိလျှင် မိဘ၊ ညီအစ်ကို၊ မောင်နှမအား ထုတ်ပေးရမည်။"

၉။ ငွေစုဘဏ်လုပ်ငန်းဥပဒေပုဒ်မ ၃၂ ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇၁ ။)**
**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်**
**( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) **တိရစ္ဆာန်ဆေးကုဆရာဝန်**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသည့် တိရစ္ဆာန်ဆေးပညာဘွဲ့ရရှိသူကို ဆိုသည်။"

၃။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ဃ)၏ နောက်တွင် ပုဒ်မခွဲ (င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) **တိရစ္ဆာန်ဆေးပညာဆိုင်ရာ အထောက်အကူပြု အတတ်ပညာ**ဆိုသည်မှာ တိရစ္ဆာန်ဆေးပညာနှင့် ဆက်နွှယ်သည့် တိရစ္ဆာန်အစားအစာ၊ ဆေးဝါးနှင့် မွေးမြူရေးဆိုင်ရာတို့အတွက် အထောက်အကူပြုသည့် အတတ်ပညာကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (င) ကို ပုဒ်မခွဲ (စ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၄။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေတွင် ပါရှိသော "တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်"ဆိုသည့် စကားရပ်ကို "တိရစ္ဆာန်ဆေးပညာဆိုင်ရာ အထောက်အကူပြု အတတ်ပညာတစ်ရပ်ရပ်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေတွင် ပါရှိသော "မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "(၃)ကြိမ်" ဆိုသည့် စကားရပ်ကို "နှစ်ကြိမ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၉ တွင်-

(က) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) စိတ်ပေါ့သွပ်ခြင်း၊ သေဆုံးခြင်း၊"

(ခ) ပုဒ်မခွဲ (င)၏ နောက်၌ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(စ) ကျင့်ဝတ်သိက္ခာ ပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(ဆ) ကောင်စီက ပေးအပ်သော တာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်း။"

၈။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဇ) နိုင်ငံတော်ကအပ်နှင်းသော တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် ဘွဲ့လွန်များ၊ တိရစ္ဆာန်ဆေးပညာဆိုင်ရာ အထောက်အကူပြုအတတ်ပညာအတွက် ပေးအပ်သောဘွဲ့နှင့် ဘွဲ့လွန်များကို နိုင်ငံခြားတိုင်းပြည်များက အသိအမှတ်ပြုရေးအတွက် ဆောင်ရွက်ခြင်း၊"

၉။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ကောင်စီက အသိအမှတ်ပြုသည့် ပြည်တွင်းတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့ သို့မဟုတ် အလားတူဘွဲ့ရရှိသူ၊

(ခ) ကောင်စီက အသိအမှတ်ပြုသည့် ပြည်ပတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် အလားတူဘွဲ့ရရှိသူ။"

၁၀။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိလိုသူ နိုင်ငံခြားသားသည် အောက်ပါအရည်အချင်းတစ်ရပ်ရပ်နှင့်ကိုက်ညီပါက မှတ်ပုံတင်ခွင့်ပြုရန် ကောင်စီသို့ လျှောက်ထားရမည်-

(က) ကောင်စီက အသိအမှတ်ပြုသည့် ပြည်ပတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် အလားတူဘွဲ့ရရှိသူ၊

(ခ) ကောင်စီက အသိအမှတ်ပြုထားခြင်းမရှိသည့် ပြည်ပတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့်အလားတူဘွဲ့ရရှိပြီး ကောင်စီက ကျင်းပပြုလုပ်သော အရည်အချင်းစစ်စာမေးပွဲကို အောင်မြင်သူ။"

၁၁။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ကောင်စီဝင်အဖြစ် တာဝန်ပေးအပ်ခံနိုင်ခွင့်၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နှင့် ကောင်စီဝင် ရွေးချယ်တင်မြှောက်ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

၁၂။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၂၅ တွင်-

(က) ပုဒ်မခွဲ (က) ပါ "ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်သုံးသိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ပါ "ထောင်ဒဏ် ၃ နှစ်" ဆိုသည့်စကားရပ်ကို "ထောင်ဒဏ်တစ်နှစ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ငွေဒဏ်ကျပ် ၃၀၀၀၀" ဆိုသည့်စကားရပ်ကို "ငွေဒဏ်ကျပ်သုံးသိန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၃။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၂၆ ပါ "ထောင်ဒဏ် ၁ နှစ်" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ်တစ်နှစ်"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ငွေဒဏ်ကျပ် ၁၀၀၀၀"ဆိုသည့်စကားရပ်ကို "ငွေဒဏ်ကျပ်သုံးသိန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၄။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



# ဟားခါးမြို့ရှိ သဘာဝဘေးသင့်ပြည်သူများအား တန်ဖိုးသင့်အိမ်ရာများသို့ စတင်ပြောင်းရွှေ့နေရာချပေး

**ဟားခါး ဒီဇင်ဘာ ၂၃**

ချင်းပြည်နယ် ဟားခါးမြို့ ကယ်ဆယ်ရေးစခန်းများရှိ သဘာဝဘေးသင့်ပြည်သူများအား နိုင်ငံတော်သမ္မတကြီး၏လမ်းညွှန်မှုနှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာနက စီမံ၍ မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီနှင့် တင်ထွန်းဝင်းကုမ္ပဏီတို့ ပူးပေါင်းတာဝန်ယူအကောင်အထည်ဖော်ဆောက်လုပ်လျက်ရှိသော ဟားခါး-ဖလမ်းကားလမ်းပေါ်ရှိ မြို့ကွက်သစ် တန်ဖိုးသင့်အိမ်ရာများသို့ ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းမှစတင်၍ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။

ပြောင်းရွှေ့နေရာချထားပေးရာ၌ မဲစနစ်ဖြင့်ဆောင်ရွက်ကာ ဘဲအိုသဲကျေးရွာမှ အိမ်ထောင်စု ၁၅ စုနှင့် ခွါဘဲကျေးရွာမှ အိမ်ထောင်စု ၁၈ စု စုစုပေါင်း အိမ်ထောင်စု ၃၃ စုတို့ကို ပြောင်းရွှေ့ခြင်းအား အဆင်ပြေချောမွေ့စေရေး ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုနှင့်အတူ ဟားခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လိုအပ်သည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်နှင့် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

အကောင်အထည်ဖော်ဆောက်လုပ်ပေးလျက်ရှိသော တန်ဖိုးသင့်အိမ်ရာများဆောက်လုပ်မှုရာနှုန်းပြည့် ပြီးစီးသွားပါက ဟားခါးမြို့ကယ်ဆယ်ရေးစခန်းရှိ သဘာဝဘေးသင့်ပြည်သူများအား ဆက်လက်ပြောင်းရွှေ့နေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဟားခါး(မြန်/ဆက်)**

# မြန်မာ့လူ့ဘောင်အတွင်းက မပြောင်းလဲနိုင်သော နိယာမများ

"ဖြောက်၊ ဖြောက်" ပါးစပ်က နေကြာစေ့အခွံခွာသံနှင့် ကားပြတင်းပေါက်မှတစ်ဆင့် နေကြာစေ့ခွံများကိုပစ်နေသည့် လက်က နရီစည်းချက် ဟန်ချက်ညီလှပါတကား။

အနုပညာရှုထောင့်က သုံးသပ်ရှုမြင်ကြည့်ရင်ပေါ့။ သို့သော်ငြား လူနှင့် လူ့ပတ်ဝန်းကျင် အသိုက်အဝန်းအတွင်း နှစ်ပေါင်း ၄၀ ကျော် နေထိုင်ရှင်သန်ခွင့်ရခဲ့သည့် လူလတ်ပိုင်း အမျိုးသမီးတစ်ဦး၏ စည်းကမ်းယိုယွင်းပျက်စီးမှုကား အရုပ်ဆိုးအကျည်းတန်လှပါဘိ။

နေကြာစေ့ခွံများက ဘတ်စ်ကားရှေ့ထိုင်ခုံဘေး ပြတင်းပေါက်မှတစ်ဆင့် ပျံ့ဝဲကာ မောင်ချစ်ဖေရှိရာ နောက်ထိုင်ခုံဆီသို့ တန်းတန်းမတ်မတ် ရောက်ရောက်လာသည်။

"နေကြာစေ့အခွံတွေ လာလာစဉ်နေတယ် အစ်မကြီး"

"အိုး. . . ဆောရီးနော်"

မောင်ချစ်ဖေ၏ ကန့်ကွက်မှုကို သူမက သို့ကလို ယဉ်ကျေးပျူငှာစွာ တုံ့ပြန်ပါသည်။ သို့တစေ စားလက်စ နေကြာစေ့ခွံများကိုမူ ဘတ်စ်ကားကြမ်းခင်းပေါ်သို့ လမ်းလွှဲပစ်ချပြန်ပါသည်။

စိတ်မသက်မသာမြင်ကွင်းကို မောင်ချစ်ဖေ ဆက်မကြည့်လိုသဖြင့် ဘတ်စ်ကားညာဘက်မြင်ကွင်းဆီသို့ မျက်နှာလွှဲလိုက်မိ၏။

"ထို" အသက် (၃၀)နီးပါး သာမန်လက်လုပ်လက်စားအသွင် အမျိုးသမီးတစ်ဦးက ကားပေါ်မှတစ်ဆင့် ပေတစ်ရာလမ်းပေါ်သို့ ကွမ်းတံတွေးထွေးချလိုက်သည့် မြင်ကွင်းနှင့် တန်းတန်းမတ်မတ် တိုးပြန်ပါသည်။

"သြော် ဒုက္ခ ဒုက္ခ"ဟု မောင်ချစ်ဖေ ရေရွတ်မိပါသော်လည်း မြန်မာ့လူမှုဝန်းကျင်အတွင်း ယင်းမြင်ကွင်းများက အဆန်း မဟုတ်ပါ။

ခရီးသည်တင် ဘတ်စ်ကားဆိုလျှင် ညနေစောင်း ယာဉ်စီးခကို တိုးတောင်းမည်။ အပြိုင်အဆိုင်လုမောင်းမည်။ မီးပွိုင့်စိမ်းပေမယ့် ခရီးသည်ရဖို့ ရပ်စောင့်မည်။ ယာဉ်ကြောပိတ်သည်ကို အကြောင်းပြပြီး ခရီးသည်တွေကို လမ်းလယ်မှာပင် အတက်အဆင်းလုပ်စေမည်။ လိုအပ်လျှင် လမ်းပြောင်းပြန်မောင်းမည်။ လူကို တိုက်မိလျှင် ထွက်ပြေးမည်။

အုတ်၊ သဲ၊ ကျောက်ကားဆိုလျှင် ခပ်ရမ်းရမ်းမောင်းမည်။ တက္ကစီဆိုလျှင် ခရီးသည်တွေ့သည်နှင့် နောက်ကိုမကြည့်ဘဲ တွေ့ကရာနေရာ ထိုးရပ်မည်။

လမ်းဘေးဈေးသည်မှန်သမျှဆိုလျှင် လူသွားလမ်းပလက်ဖောင်းနှင့် ပေတစ်ရာကားလမ်းပေါ် ဈေးတက်ရောင်းမည်။

ပြည်သူအများစုက "ဗမာပြည် (မြန်မာပြည်) တစ်ပြည်လုံး ကိုယ့်အိမ်ကိုယ့်ရာမှတ်ပါ၊ ဟေ့ - ဒို့ဗမာ"ဆိုသည့် လွတ်လပ်ရေးကြိုးပမ်းမှုကာလက သမိုင်းဝင် ဒို့ဗမာသီချင်းကဲ့သို့ တစ်မြို့လုံး ကိုယ့်အိမ်ကိုယ့်ရာမှတ်ပြီး ကွမ်းတံတွေးကို နေရာမရွေးထွေးမည်၊ အမှိုက်ကို နေရာမရွေးပစ်မည်စသည့် ဓလေ့စရိုက်များကား မြန်မာ့လူ့ဘောင်တွင် အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင် တံငါကွန်၊ မြောက်မှာ ခူဝံဆိုသည့် အခြေခံသဘောတရား၊ ဥပဒေသ၊ ယေဘုယျပြဋ္ဌာန်းချက်၊ စံ၊ အမှန်တရားဟူသော အဓိပ္ပာယ်သက်ရောက်သည့် နိယာမတရားကဲ့သို့ပင် ဖြစ်တည်နေသည်မှာ ကြာခဲ့ပြီကော။

နိယာမ ဒီပနီပါ ဥတုနိယာမ၊ ဗီဇနိယာမ၊ ဓမ္မနိယာမ၊ ကမ္မနိယာမ၊ စိတ္တနိယာမတည်းဟူသော နိယာမငါးပါးနှင့်အပြိုင် ဆိုခဲ့ပါ အပြုအမူ၊ ဓလေ့စရိုက်များ ဖြစ်တည်နေခြင်းမှာ ကံ့ကူလက်လှည့် အခြေခံပညာရေးစနစ်၏ အားနည်းချက်ကြောင့်လော၊ မြန်မာ့လူမှုဝန်းကျင်၏ ရှေးအတီတေကတည်းက တည်ရှိခဲ့သည့် ဓလေ့စရိုက်ကြောင့်လော၊ တာဝန်ရှိသူ အဆင့်ဆင့်၏ အရေးယူခြင်းကင်းမဲ့၍လော၊ နိုင်ငံသားတစ်ယောက်၏ တာဝန်သိမှု၊ တာဝန်ခံမှုကင်းမဲ့၍လော၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးအပါအဝင် အဘက်ဘက်က ယိုယွင်းနောက်ကျခဲ့၍လော စသည်ဖြင့် သို့လော သို့လော မောင်ချစ်ဖေ တွေးနေမိပါ၏။

**ခင်မောင်ထွေး**

# ဆိုလာစနစ် မီးလင်းရေးပစ္စည်းများကို မြေတိုင်ကျေးရွာနှင့် အထရောင်ကျေးရွာရှိ အိမ်ခြေပေါင်း ၃၄၇ အိမ်အား ပေးအပ်လှူဒါန်း

**တိုက်ကြီး ဒီဇင်ဘာ ၂၃**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ မဟာဓာတ်အားလိုင်း ပြင်ပမီးလင်းရေးလုပ်ငန်းများကို စီမံချက်များဖြင့် ဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံ WAKAYAMA ပြည်နယ်ကိုယ်စား KINANDENSETSU ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်း၍ JICA မှ ပေးအပ်လှူဒါန်းသော အမေရိကန်ဒေါ်လာသုည ဒသမ ၂၇၉ သန်းကုန်ကျသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ် မီးလင်းရေးပစ္စည်းများကို တိုက်ကြီးမြို့နယ်ရှိ မြေတိုင်ကျေးရွာနှင့် အထရောင်ကျေးရွာရှိ အိမ်ခြေပေါင်း ၃၄၇ အိမ်အား ပေးအပ်ခဲ့ရာ ကျေးရွာနှစ်ရွာရှိ ရွာသူရွာသားများမှာ ပျော်ရွှင်လျက်ရှိကြသည်။

အဆိုပါ JICA မှ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ် မီးလင်းရေးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက တိုက်ကြီးမြို့နယ်ရှိ မြေတိုင်ကျေးရွာ၌ကျင်းပရာ အခမ်းအနား၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက အဖွင့်အမှာစကားပြောကြားပြီး JICA Myanmar ရုံးမှ ဌာနေကိုယ်စားလှယ် Mr.Nakazawa က ဆိုလာမီးလင်းရေးပစ္စည်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ KINANDENSETSU ကုမ္ပဏီလီမိတက်မှ Mr.Hayashi က မိတ်ဆက်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆိုလာမီးလင်းရေးနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများအား KINANDENSETSU ကုမ္ပဏီလီမိတက်မှ Mr.Hayashi က ဒုတိယဝန်ကြီးထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ယင်းနောက် KINANDE-NSETSU ကုမ္ပဏီလီမိတက်မှ Mr.Matobar က အထရောင်ကျေးရွာအုပ်ချုပ်ရေးမှူးထံ ဆိုလာမီးလင်းရေးဆက်စပ်ပစ္စည်းများအား လွှဲပြောင်းပေးအပ်ခဲ့သည်။

တိုက်ကြီးမြို့နယ်ရှိ မြေတိုင်ကျေးရွာနှင့် အထရောင်ကျေးရွာရှိ အိမ်ခြေများအား ဆိုလာမီးအသုံးပြုနည်းသိရှိစေရန် မြေတိုင်ကျေးရွာမှ လူငယ်လေးဦးနှင့် အထရောင်ကျေးရွာမှ လူငယ်တစ်ဦးအား ဂျပန်နိုင်ငံသို့တစ်ပတ်ကြာခေါ်ယူပို့ချခဲ့ပြီး ယင်းလူငယ်များက ကျေးရွာနှစ်ရွာရှိ အိမ်ခြေများမှ ပြည်သူများအား ဆိုလာမီးအသုံးပြုပုံကို ပြန်လည်ပြသခဲ့ကြသည်။

ယခုအခါ အိမ်ခြေတော်တော်များများမှာ မီးလင်းနေကြပြီဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံအတွင်း ကျေးရွာပေါင်း ၆၄၀၀၀ ရှိသည့်အနက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၂၉၀၀၀ ကျော်ကို ကျေးလက်ဦးစီးဌာနမှ မီးလင်းပေးနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း ကျေးလက်ဦးစီးဌာနမှ ကျေးရွာပေါင်း ၂၂၄၅ ရွာနှင့် လျှပ်စစ်ဝန်ကြီးဌာနမှ ကျေးရွာပေါင်း ၆၄၅ ရွာ စုစုပေါင်းကျေးရွာ ၂၈၉၀ အား မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သိရသည်။

**စိုးဝင်း(MLA)**

# အာဆီယံသပြေများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် အာဆီယံသပြေစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"သပြေပင်က ဆည်တော်ကြီးဆည်ရေတင်ပြီး စိုက်ပျိုးတာပါ။ တစ်ပင်နဲ့တစ်ပင် သုံးပေလောက်ခြားပြီး စိုက်ရတာပါ။ ပျိုးပင်ကတော့ ကျပ် ၂၀၀ မှ ကျပ် ၁၀၀၀ တန်ထိရှိတယ်။ တစ်ဧကကို အပင် ၂၅၀၀မှ ၃၀၀၀ခန့် စိုက်ပျိုးနိုင်ပြီး ရွှေသပြေနဲ့ အာဆီယံ သပြေပဲ စိုက်တာများပါတယ်။ စတင်စိုက်ပျိုးချိန်က ရေသွင်းပေးရတယ်။ ခုချိန်ကတော့ အပင်အောက်က အရွက်ခြောက်တွေ ရှင်းပေးရုံပဲ။ အရွက်တွေ ပိုးလိပ်တဲ့အချိန်ဆို ဆေးဖျန်းပေးရတယ်။ အညွှန့်ထွက်လာရင် ညှပ်ရောင်းလိုက်တယ်။ တစ်စီးကို ကျပ် ၅၀၀ နဲ့ ပန်းပွဲစားတွေက ယာခင်းထဲအထိ လာဝယ်ပါတယ်။ ဈေးကောင်းတော့ အဆင်ပြေပါတယ်။ ကျွန်တော်တို့ဒေသက ဆည်ရေနဲ့ ရာသီမရွေး စိုက်ပျိုးနိုင်တော့ သီးနှံတွေက အောင်မြင်ပါတယ်။ မိုးလိုရင် ဆည်ရေကူလိုက်တာပဲ။ ဒါကြောင့် သီးနှံတွေအောင်မြင်တာပါ"ဟု ပုသိမ်ကြီးမြို့နယ် ရွာရှည်ကျေးရွာမှ သပြေပန်းစိုက်တောင်သူ တစ်ဦးက ပြောသည်။

ပုသိမ်ကြီးမြို့နယ်သည် ဆည်တော်ကြီး ဆည်ရေသောက်စနစ်ဖြင့် သီးနှံများ ရာသီမရွေး စိုက်ပျိုးနိုင်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ သပြေပန်းစိုက်တောင်သူများလည်း နေ့စဉ်ဝင်ငွေရသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(မြန်/ဆက်)**



# အအေးဓာတ်ပိုလာ၍ အနွေးထည်နှင့် စောင်များ ရောင်းအားမြင့်တက်

**ရေတာရှည် ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယခင်ရက်များက မိုးရိပ်မိုးသားများကြောင့် အအေးဓာတ်လျော့နည်းခဲ့သော်လည်း ဒီဇင်ဘာ ၂၀ ရက်မှစတင်၍ ညပိုင်းအအေးဓာတ်ပိုလာခဲ့ရာ အရောင်းအဝယ်ပါးနေသည့် ဆောင်းဝတ်အနွေးထည်၊ စောင်အရောင်းဆိုင်များ ရောင်းအားမြင့်တက်လာကြောင်း သိရသည်။

"မနှစ်ကလည်း ကျွန်တော်တို့ရောင်းတယ်။ ဒီနှစ်လောက်မရောင်းရဘူး။ တောင်သူတွေ စပါး၊ ဆန်ဈေးကောင်းလို့ဖြစ်မယ် ကျွန်တော်တို့လည်းဝမ်းသာပါတယ်။ ပစ္စည်းပြတ်မှာကြောက်လို့ ထပ်ပြီးမှာထားရတယ်"ဟု ရေတာရှည်မြို့ စောင်နှင့်မွေ့ရာရောင်းသည့် ဆိုင်ရှင်က ပြောသည်။

ကျေးလက်နေပြည်သူများသည် ဆောင်းရာသီကာလတွင် ဧည့်သည်များလာရောက်သည့်အခါ စောင်၊ ခေါင်းအုံး လုံလောက်မှုရှိစေရန် ဝယ်ယူလေ့ရှိသည်။

**ကိုလွင်(ဆွာ)**

# ဇမ္ဗူသီရိမြို့နယ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး စစ်ဆေးကြပ်မတ်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်မတော်တဆထိခိုက်မှုများ ဖြစ်ပွားလျက်ရှိပြီး အများဆုံး ယာဉ်ထိခိုက်မှုမှာ ဆိုင်ကယ်တိမ်းမှောက်မှုများဖြစ်၍ ယာဉ်စစ်ဆေးမှုများကို စီမံချက်နေရာတိုင်းတွင် စစ်ဆေးကြပ်မတ်လျက်ရှိသည်။

ဇမ္ဗူသီရိမြို့နယ် အမှတ် (၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်ရေးအဖွဲ့မှ ဒု-ရဲမှူး စောတင်နှင့် အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် ပျဉ်းမနား-တောင်ညိုလမ်းမကြီးပေါ်ရှိ မြို့တော်ခန်းမအနီးတွင် ကား/ဆိုင်ကယ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်နှင့် ဆိုင်ကယ်စီးဦးထုပ်များကို စစ်ဆေးကြပ်မတ်လျက်ရှိသည်။

အဆိုပါ စစ်ဆေးမှုတွင် ယာဉ် ၆၅ စီး၊ ဆိုင်ကယ် ၈၅ စီး စစ်ဆေးကြပ်မတ်ခဲ့ပြီး မော်တော်ယာဉ်ဥပဒေဖြင့် မော်တော်ယာဉ် သုံးစီး၊ မော်တော်ဆိုင်ကယ်နှစ်စီး စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**

# ကုန်တင်ယာဉ်များအတွက် အာဆီယံ စံချိန်စံညွှန်းသတ်မှတ်ချက် ယာယီဖြေလျှော့မှု၊ သက်တမ်းတိုးမှုရှိမရှိအပေါ် ကုန်ကားပိုင်ရှင်များ စောင့်မျှော်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ယခုနှစ် ဒီဇင်ဘာလကုန်ပိုင်းမှစ၍ အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC) စတင်အကောင်အထည်ဖော်မည့်သတင်းများ ဖတ်ရှုနေရသော အဝေးပြေးကုန်စည်လုပ်ငန်း မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် ကုန်ကားအမျိုးအစားအချို့အပေါ် အာဆီယံစံချိန်စံညွှန်း ယာဉ်+ကုန် သတ်မှတ်ချက် ယာယီဖြေလျှော့ထားမှုကို သက်ဆိုင်ရာမှ ထပ်မံသက်တမ်းတိုး၊ မတိုး ထုတ်ပြန်ချက်ကို စောင့်မျှော်နေကြရသည်ဟု သိရသည်။



AEC စတင်အကောင်အထည်ဖော်မည့် ယခုနှစ်အတွင်း ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာနိုင်ငံ၏ အဝေးပြေး ကုန်တင်ယာဉ်များအတွက် ၂၀၁၁ နှစ်လယ်တွင် ယာဉ်အမျိုးအစားအလိုက် အာဆီယံစံချိန်စံညွှန်း ယာဉ်+ကုန် တန်ချိန်သတ်မှတ်ချက် နှုန်းထားကို သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာခဲ့သည်။ တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်မှုရှိခဲ့ရာ လက်တွေ့လုပ်ဆောင်ချိန် အဆင်ပြေမှုရှိရန် ယာယီဖြေလျှော့မှု ပြုလုပ်ပေးခြင်းကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် သက်ဆိုင်ရာမှ ထုတ်ပြန်အသိပေးခဲ့သည်။

ယာဉ်အမျိုးအစားအချို့ ကုန်တန်ချိန် အနည်းငယ်စီ ပိုမိုတင်ဆောင်ခွင့်ရရှိလာရာ ဝင်ငွေပိုမိုရရှိသည်ဟု ယာဉ်မောင်းကိုဇော်က ဆိုသည်။ ပုသိမ်မြို့တွင်းသို့ တိုက်ရိုက်ကုန်ဝင်ရောက်ချခွင့်ရှိသော ကိုယ်ထည်အလျား ၁၀ပေ၊ ၁၂ ပေ ရှိကုန်ကားငယ်များသည် ကာလတန်ဖိုး ပျမ်းမျှ ကျပ် သိန်းတစ်ရာခန့်သာရှိပြီး ၁၁၃ မိုင်ဝေးကွာသော ရန်ကုန်-ပုသိမ်ခရီးစဉ်တွင် တစ်လအနည်းဆုံး အသွား၊ အပြန် ၁၂ ကြိမ်ပြေးဆွဲနိုင်သည်။ အကျိုးအမြတ် တစ်လလျှင်ပျမ်းမျှ ခြောက်သိန်းခန့် ကျန်ရှိသည်ဟု ၎င်းက ဆိုသည်။

ယင်းယာဉ်ငယ် အမျိုးအစားအလိုက် သက်ဆိုင်ရာမှ ယာယီဖြေလျှော့ခွင့်ပေးသည့် ယာဉ်အမျိုးအစားတွင် အမှတ်စဉ် ၇ ၌ပါဝင်သည့် တရားဝင်ခွင့်ပြုယာဉ် ကုန်တန်ချိန် ၅ ဒသမ ၅ တန်သာ ရှိသော်လည်း ယာယီဖြေလျှော့မှုအဖြစ် ကိုးတန်ရရှိသည့် အသွားအပြန်ခရီးစဉ်တွင် ကုန်ခုနစ်တန်ကို ပိုမိုတင်ဆောင်ခွင့်ရရာ ယခုရက်ပိုင်းတစ်တန်လျှင် ရန်ကုန်-ပုသိမ်ကားခ ကျပ်ငါးထောင်ခန့်ရှိပြီး ကျပ်သုံးသောင်းကျော် ဝင်ငွေပိုမိုရရှိသည်ဟု သိရသည်။

ဝင်ရိုးသုံးခုပါ ၁၀ဘီး၊ ဝင်ရိုးလေးခုပါ ၁၂ ဘီးယာဉ်များသည်လည်း ယာယီဖြေလျှော့မှု နှစ်တန်စီရရှိပြီး အခြားသော ယာဉ်အမျိုးအစားအချို့လည်း ယာယီဖြေလျှော့မှုအဖြစ် ကုန်ပို တင်ဆောင်ခွင့်ရရှိနေဆဲဖြစ်သည်။ ယာယီဖြေလျှော့မှုသည် ၂၀၁၄ နှစ်ကုန်ပိုင်းထိ ထုတ်ပြန်ထားသော်လည်း သက်တမ်းတိုးပေး၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းထိ ပြေးဆွဲခွင့်ရရှိသေးသည်ဟု ဘုရင့်နောင်ပွဲရုံဝင်း ရိုးကြီးချောင်းပတ်လမ်းရှိ အဝေးပြေး ကုန်ကားပိုင်ရှင် ဦးဇော်သက်က ဆိုသည်။

ကတ္တားများတွင် ကုန်တင်ယာဉ်များ လမ်းကြေး၊ တံတားကြေးပေးဆောင်ရန် အလေးချိန်ရာတွင် ကတ္တားတစ်ခုနှင့်တစ်ခု ကွဲလွဲမှုရှိနိုင်၍ အလေးချိန်သုည ဒသမ ၉ တန်ပို၍ တင်သွင်းခွင့်ပြုထားသည်။ သို့သော် ကုန်တင်ယာဉ်အများစုတွင် ယင်းအလေးချိန်ကိုပါ ကုန်တင်ဆောင်ကြသဖြင့် ကတ္တားချိန်ရာတွင် အခြေအတင်ပြောဆိုမှုများရှိသည်။ ကတ္တားချိန်တွယ်မှုမပြုခင် ယင်းစခန်းဝန်းကျင်တွင် တန်ပိုသော ကုန်ပစ္စည်းများလွှဲပြောင်းသယ်ဆောင်ရန် ခေါက်တိုယာဉ်ငယ်များကို ကားခကျပ်ရှစ်ထောင်နှုန်းဖြင့် သယ်ဆောင်နေသည်ကို လှိုင်သာယာတိုးဂိတ်တွင်မြင်တွေ့ရသည်။ ကတ္တားချိန်၍တန်ပိုပါက ယင်းတင်ဆောင်လာသော ယာဉ်ငယ်သည် တန်ပိုဒဏ်ကြေးအပြင် တစ်မိုင်လမ်းကြေးကျပ် ၃၀ ဖြင့် ၂၈ မိုင်လမ်းပိုင်းအတွက် လမ်းအသုံးပြုခ အပြင်စုစုပေါင်း ငွေကျပ်တစ်သောင်းခန့် ပေးဆောင်ရသည်ဟု ပုသိမ်သွား ၁၂ပေ ကုန်တင်ယာဉ်လုပ်သားတစ်ဦးက ဆိုသည်။

AEC အကောင်အထည်ဖော်ရန် အချိန်နီးကပ်လာ၍ အဝေးပြေးကုန်ကားများ၏ ကုန်တင်ဆောင်နိုင်ခွင့် ယာဉ်+ကုန်တန်ချိန်ကို ယာယီဖြေလျှော့မှုပေးထားခြင်းကို ဆက်လက်ခွင့်ပြုပေးခြင်း ရှိ၊ မရှိ သက်ဆိုင်ရာမှ ထုတ်ပြန်မှုအပေါ် အဝေးပြေး ကုန်ကားလုပ်ငန်း လုပ်ကိုင်သူများက သိရှိလိုကြောင်း ယာယီဖြေလျှော့မှု တန်ချိန်အများ ရရှိနေဆဲဖြစ်သော ၁၂ ပေကုန်ကားငယ်ပိုင်ရှင် ကိုတီးက ဆိုသည်။

**မောင်စေအောင်**

# ရန်ကုန်ခရီးသွားလမ်းညွှန်မြေပုံ (YTM-17) အခမဲ့စတင်ဖြန့်ချိ

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Service Co.,Ltd. (D.P.S)သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Tourist Guide Map အမျိုးမျိုးတို့ကို ၁၉၉၅ ခုနှစ်မှစတင်ပြီး ထုတ်ဝေလျက်ရှိရာ ယခုထိ စောင်ရေ ၂ ဒသမ ၈ သန်းခန့် စီစဉ်ပုံနှိပ်ဖြန့်ချိပြီးဖြစ်သည်။

ယခုအခါ ပွင့်လင်းရာသီတွင် နိုင်ငံခြားခရီးသွားဧည့်သည်များသာမက ပြည်တွင်းခရီးသွား ဧည့်သည်များပါ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် Yangon Tourist Map (YTM-17)ကို အခမဲ့ ထပ်မံဖြန့်ချိနေပြီဖြစ်သည်။

Yangon Tourist Map (YTM-17) တွင် ရန်ကုန်မြို့အတွင်းရှိ ဗိုလ်ချုပ်ဈေး ပတ်ဝန်းကျင်၊ ရွှေတိဂုံဘုရားပတ်ဝန်းကျင်၊ အင်းလျားပတ်ဝန်းကျင်မြေပုံများကိုပါ အတွင်းပိုင်းတွင် အကျယ်ချဲ့၍ မွမ်းမံထည့်သွင်းထားပါသည်။

နိုင်ငံခြားခရီးသွားများသာမက မြန်မာနိုင်ငံသားများအနေဖြင့် အဆိုပါ ခရီးသွား လမ်းညွှန်မြေပုံများ၏ အကူအညီဖြင့် ရန်ကုန်မြို့အတွင်းရှိ စိတ်ဝင်စားဖွယ်ရာနေရာများသို့ အချိန်ကုန်သက်သာစွာဖြင့် လေ့လာနိုင်မည်ဖြစ်သည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း(ဆူးလေ)တွင်




လည်းကောင်း၊ Design Printing Service Co.,Ltd. (D.P.S) တွင်လည်းကောင်း ရုံးချိန်အတွင်း အခမဲ့လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# စည်းကမ်းမဲ့မောင်းနှင်သော ယာဉ်များအား အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

သဲတင်ယာဉ်၊ ကျောက်တင်ယာဉ်များသည် သတ်မှတ်ဝန်ထက်အဆမတန် ပိုမိုတင်ဆောင်ခြင်း၊ စည်းကမ်းမဲ့မောင်းနှင်နေမှုကို တာဝန်ရှိသူများက စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ထိုသို့ စစ်ဆေးဆောင်ရွက်မှုနှင့်ပတ်သက်၍ "ဒီလိုစစ်ဆေးဆောင်ရွက်နေစဉ်မှာ လုပ်ငန်းအထောက်အထား ပြည့်စုံတဲ့ ကျောက်သယ်ယာဉ်တွေကို စည်းကမ်းတကျမောင်းနှင်ဖို့ ပညာပေးဆောင်ရွက်ခဲ့ပြီး လုပ်ငန်းအထောက်အထား မပြည့်စုံဘဲ မောင်းနှင်နေတဲ့ ကျောက်သယ်ယာဉ်တွေကိုလည်း အရေးယူဆောင်ရွက်ခဲ့ပါတယ်" ဟု အမှတ်(၁) ယာဉ်ထိန်း တပ်ဖွဲ့ခွဲမှူးရုံး အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့စု (ပုဗ္ဗသီရိမြို့နယ်) တပ်ဖွဲ့စုမှူး ဒု-ရဲမှူး ရဲလွင်ကရှင်းပြသည်။

**ကိုကိုရှုပ (မန်းတက္ကသိုလ်)**

○

## ဖတ်စရာ မှတ်စရာ

# မိမိရင်သွေးကို မိမိကိုယ်တိုင် ကာကွယ်ထိန်းသိမ်းပါ

ဤစာတန်းလေးသည် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မကြာခဏ တွေ့ရလေ့ရှိသည်။ မိဘအုပ်ထိန်းသူများအား စေတနာအပြည့်ဖြင့် သတိပေးနှိုးဆော်နေဘိသကဲ့သို့ပင်။

နိုင်ငံအတွင်း၌ မကြာခဏ ကြားနေရသော သတင်းအချို့မှာ သက်ငယ်အဓမ္မပြုကျင့်ခံရမှုများနှင့် ကလေးသူငယ်များ ပျောက်နေသည့် သတင်းများပင်ဖြစ်သည်။ ပျောက်ဆုံးသွားသည့် ကလေးအမည်၊ မိဘများ၊ ဘယ်နေ့ ဘယ်အချိန်က ပျောက်သွားသည်။ ကူညီ၍ (Share)မျှဝေပေးကြရန်စသည်ဖြင့် မကြာခဏ တွေ့ရတတ်ပါသည်။

ဖော်ပြပါ အဖြစ်အပျက်များ လျော့နည်းပပျောက်သွားရန်မှာ တာဝန်ရှိသူ လူနည်းစုဖြင့်မရနိုင်ပါ။ အသိပညာပေးဟောပြောမှုများနှင့်အတူ ကာယကံရှင်များကိုယ်တိုင် ပါဝင်ကူညီဆောင်ရွက်မှသာ ရနိုင်မည်ဖြစ်သည်။

ကလေးငယ်များပျောက်ရှနေသည့် အပေါ်တွင် အချို့ကလေးငယ်များသည် လူကုန်ကူးခံရခြင်း၊ ရောင်းစားခံရခြင်းစသည့် အခြေအနေတွင်ရှိနေနိုင်ပါသည်။ လူမှုကွန်ရက်ပါ အချို့ဖော်ပြချက်များအရ ကလေးသူငယ်များအား တစ်ဖက်နိုင်ငံများသို့ ခိုးထုတ်ရောင်းစားခြင်း၊ ကလေးသူငယ်များ၏ သဘောတူညီမှုမရှိဘဲ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခိုးယူခံရခြင်း၊ ကျောက်ကပ်တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ ခန့်ရရှိခြင်း၊ ကလေးငယ်များအား ဖမ်းဆီးခေါ်ဆောင်မည့်သူများထံတွင် အတိတ်မေ့၊ မှတ်ဉာဏ်ချို့ယွင်းစေနိုင်မည့် ဆေးထိုးအပ်များ ပါဝင်ကြောင်းလည်းသိရသည်။

ဤကဲ့သို့သောသတင်းများသည် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ သတိထားရမည့်အချက်ဖြစ်သည်။ ယင်းအန္တရာယ်ဆိုးမှ လွတ်မြောက်ရန် မိမိရင်သွေးကို မိမိကိုယ်တိုင် ကာကွယ်ထိန်းသိမ်းရန်မှာ အဓိက တာဝန်ပင်ဖြစ်သည်။

ရံဖန်ရံခါတွင် မိဘအုပ်ထိန်းသူများ ကိုယ်တိုင်ကပင် မိမိရင်သွေးများကို သူစိမ်းတစ်ရံစာထံတွင် ယုံယုံကြည်ကြည်အပ်နှံလေ့ရှိ၏။ စိတ်ချက်လက်ချပြင်ပသို့ စေခိုင်းလေ့ရှိ၏။ "ကိုယ်ကကျူးလျှင် ကိုယ့်ဒူးကိုပင်မယုံရ" ဆိုသကဲ့သို့ပင် စိတ်ချခြင်း၊ ယုံကြည်လွယ်ခြင်း၊ အားနာတတ်ခြင်းများသည် ဆိုးကျိုးကိုသာ ဖြစ်စေနိုင်ပါသည်။

ဆိုရလျှင် အရွယ်မရောက်သေးသည့် ကလေးငယ်များကိုမဆိုထားဘိ။ အရွယ်ရောက်ပြီးသူများသည်ပင် အယုံအကြည်လွယ်ကာ နည်းမျိုးစုံဖြင့် လူကုန်ကူးခံနေကြရ၏။ သက်ဆိုင်ရာက အချိန်မီကယ်ဆယ်လိုက်နိုင်သည်လည်းရှိ၏။ ရှာဖွေစုံစမ်းနေဆဲ သတင်းများလည်း ကြားနေရ၏။

မည်သို့ပင်ဆိုစေ အရွယ်မရောက်သေးသည့်ကလေးငယ်များသည် မိဘအုပ်ထိန်းမှုအောက်တွင်သာ ရှိသင့်သည်။ အကြောင်းအမျိုးမျိုးကြောင့် ကလေးသူငယ်များအား တစ်ဦးတည်းထားခဲ့ခြင်း၊ စေခိုင်းခြင်းများသည် အန္တရာယ်ကို လက်ယပ်ခေါ်နေသကဲ့သို့ပင်ဖြစ်၏။

အချို့ကလေးငယ်များသည် မိဘအုပ်ထိန်းသူများ၏ ခိုင်းစေမှုကြောင့် ဈေးဝယ်သွားရာမှ ပျောက်၏။ အချို့ကျောင်းသို့ အဖော်မပါဘဲသွားရာမှပျောက်သွား၏။ အချို့ကျူရှင်သွားရာမှဖြစ်၏။ ယောင်လည်လည်ဖြစ်နေသော ကလေးများ၊ အဖော်မပါသောကလေးများအား လူကုန်ကူးသူများက နည်းမျိုးစုံသုံး၍ ဖမ်းဆီးခေါ်ဆောင်သွားနိုင်ပါသည်။

အထူးသဖြင့် စိတ်အခြေအနေမူမမှန်သော ကလေးသူငယ်များဆိုလျှင် ထိန်းသိမ်းစောင့်ရှောက်မှုပို၍ လိုအပ်ပါသည်။ အိမ်တွင်တစ်ဦးတည်းထားခဲ့ခြင်း၊ အခြားအိမ်များသို့အပ်နှံထားခြင်းမျိုး လုံးဝမပြုသင့်ပါ။ အသိမကြွယ်သေးသည့် သားသမီးရတနာများပျောက်ဆုံးသွားခြင်း၊ အဓမ္မပြုကျင့်ခံရခြင်းများကြုံတွေ့ရလျှင် ရင်ထုမနာ ဖြစ်ကြရမည်မှာ မိဘအုပ်ထိန်းသူများပင်ဖြစ်သည်။

သို့ဖြစ်၍ ကလေးငယ်များအား မိဘနှင့်ရင်အုပ်မကွာထားရန် လိုအပ်ပါသည်။ မိမိတို့၏ သွေးရင်း၊ သားရင်း မိသားစုများဖြင့်သာ နွေးနွေးထွေးထွေးနေသင့်ပါသည်။ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာ၍ မဖြစ်မနေသွားရလျှင်လည်း အကြီးအကဲတစ်ဦး(သို့)အစ်ကိုကြီး၊ အစ်မကြီးများနှင့်သာ သွားလာသင့်သည်။ အချိန်အခါမဲ့သွားခြင်းမျိုးကိုမူ အထူးရှောင်ရှားသင့်ပါသည်။

လက်ရှိဖြစ်ပွားနေသည့် အဓမ္မမှုများ၊ ပျောက်ရှနေမှုများသည် ကလေးငယ်များနှင့် မိဘအုပ်ထိန်းသူများ ကင်းကွာမှုရှိနေသောကြောင့်သာဖြစ်သည်။ အကယ်၍ မိမိကိုယ်တိုင်က မိမိ၏သားသမီးများကို စိတ်ချယုံကြည်စွာဖြင့် အလုပ်ခိုင်းခြင်း၊ ပြင်ပစေလွှတ်ခြင်း၊ အခြားသူများထံအပ်နှံခြင်းမပြုလုပ်ခဲ့ပါလျှင် ယခုရင်ဆိုင်နေရသည့် အဖြစ်အပျက်မျိုး ရင်ဆိုင်ရမည်မဟုတ်ပါ။

သို့ပါ၍ မိမိ၏ရင်သွေးရတနာများအား မိမိတို့မိသားစုအသိုင်းအဝိုင်းနှင့်မကင်းကွာပါစေနှင့်။ မိမိရင်သွေးများအား မိမိကိုယ်တိုင်ကာကွယ်ထိန်းသိမ်းခြင်းသည် အလုံခြုံဆုံးဖြစ်ပါလိမ့်မည်။ သားသမီးငယ်များ၏ အနာဂတ်သာယာလှပရေးအတွက် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များမှကင်းပနိုင်စေရန် မိဘအုပ်ထိန်းသူများ ကိုယ်တိုင်ကပင် အဓိကနေရာမှ ပါဝင်နေသည်ကို သတိမမေ့သင့်လှပါကြောင်း . . . ။

**ခင်မောင်ဌေး(ပညာရေး)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၄ - ၁၂ -၂၀၁၅ (ကြာသပတေးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ အနုပညာသတင်းအစီအစဉ်
၈း၃၅ နှစ်ရှည်ခံကမ္ဘာ့စျေးကွက်ဝင် (ကြယ်ပဲပင်)
၉း၃၅ လှပစုံလင်အာဆီယံတစ်ခွင်
၉း၄၅ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၀း၁၅ Towards ASEAN Community
၁၁း၁၅ သဘာဝနှင့် ကိုက်ညီအောင် နေထိုင်ခြင်း (LIVE GREEN)
၁၁း၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၅၃)
၁း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့ နှလုံးသား" (အပိုင်း-၃၃)
၂း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ(မိန်းမပီပီ)
၃း၃၅ အနုပညာသတင်းအစီအစဉ်
၄း၁၅ မိုးယွန်းကြီးအင်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော
၅း၁၅ Weekly Sports Info
၆း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၃၄)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ ကမ္ဘာ့ကုန်သွယ်မှုဂိတ်တံခါး
၈း၄၅ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် ကုသိုလ်တော်ဘုရား ကျောက်စာများ (မြစေတီကျောက်စာနှင့် အလောင်းမင်း တရား၏ ရွှေပေလွှာ)
၉း၀၀ ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၅၄)
-Channel Zero (အပိုင်း-၁)
-ညဏ်ရည်ချင်းပြိုင် ဘယ်သူနိုင်
-မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၂)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၄၀ "နွယ် . . ." တရားတော် [ဆရာတော်ဒေါက်တာ အရှင်တေဇောသာရ (ချင်းတောင်တန်းသာသနာပြု ဆရာတော်]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၅၀)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် [မြိတ်ဘိုးဘွားရိပ်သာ (ရန်ကုန်)နှင့်မြိတ်မြို့နယ်လူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဖွင့်လှစ်ပွဲအခမ်းအနား]
၈း၀၀ Cartoon Series (English Playground)
၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျှဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၇၄)
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁၀း၄၅ MPT ရဲ့ ပျော်ရွှင်ကံထူး နှစ်သစ်ကူးအစီအစဉ်မှ ကံထူးရှင်များအား ဆုချီးမြှင့်ခြင်း အခမ်းအနား
၁၁း၀၅ Food & D'ecor
၁၁း၃၀ MRTV-4 Stage
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၂၂)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၂၃)
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၅၀)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၅၁)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါ စံအိမ်" (အပိုင်း-၂၄)
၈း၂၀ ရသစုံညွှန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျှဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၇၅)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၂၃)
၁၀း၀၀ အနုပညာမိုးကောင်းကင်
၁၀း၂၀ MRTV-4 Stage
၁၀း၅၀ World of Knowledge (Hooked : Squid Invasion)

### မြဝတီ

၆း၀၃ တရားတော်
၆း၂၀ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၆း၄၅ မျိုးချစ်တပ်မတော်
၆း၅၀ မှတ်တမ်း
၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၇း၂၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ရွှေဟောင်းသုတ
၈း၂၅ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၄၅ မြဝတီနေ့စဉ်သတင်း
၈း၅၅ လျှပ်တစ်ပြက်
၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၀ ဇာတ်လမ်းတို
၄း၄၅ ဗီစီဒီကျော်ကြားတေး
၄း၅၀ မွေးမြူသုတ
၅း၀၀ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်းခြင်း အပိုင်း(၁၀၂)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
၆း၃၅ ကိုယ်ပျောက်လူသား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း အပိုင်း(၄၈)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း ဒို့တာဝန်အရေး(၃)ပါး နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မောင်မောင့်ချစ်သူလေဒီဒီဖိုင်နာ အပိုင်း(၁၅)
မြဝတီရုပ်မြင်သံကြားသတင်း

# တရုတ်-ကိုရီးယားရုပ်ရှင်သစ်တွင် လီဂျွန်ဆပ် ပါဝင်သရုပ်ဆောင်မည်



တောင်ကိုရီးယားထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ လီဂျွန်ဆပ်ဟာ "Jade Lover"လို့ ယာယီနာမည်ပေးထားတဲ့ တရုတ်နဲ့ တောင်ကိုရီးယားအနုပညာရှင်များပါဝင်သရုပ်ဆောင်ကြမယ့် ဒရမ်မာရုပ်ရှင်သစ်တွင် ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သူ့ရဲ့အေဂျင်စီဖြစ်တဲ့ Wellmade Yedang က ဒီဇင်ဘာ ၂၃ ရက်မှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အဆိုပါရုပ်ရှင်ကို ဒါရိုက်တာ ဂျင်ဟွတ်ခ်က တာဝန်ယူရိုက်ကူးပေးမည်ဖြစ်ကာ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့ ပူးပေါင်းထုတ်လုပ်မည့် ယင်းရုပ်ရှင်ကို အမေရိကန်ဒေါ်လာသန်း ၄၀ အကုန်အကျခံကာ ရိုက်ကူးသွားမှာဖြစ်ပါတယ်။

မင်းသားလီဂျွန်ဆပ်နဲ့ ဒါရိုက်တာ ဂျင်ဟွတ်ခ်တို့နှစ်ဦးက ယခုရိုက်ကူးမည့်ရုပ်ရှင်အပြင် အခြားသောရုပ်ရှင်များဖြစ်ကြတဲ့ "Doctor Stranger"နှင့် "Prosecutor Princess"တို့တွင်လည်း အတူတွဲဖက်လုပ်ကိုင်ခဲ့ဖူးကြပါတယ်။

ကမ္ဘာကျော်မီဒီယာတစ်ခုဖြစ်တဲ့ DMG Entertainment က ယင်းရုပ်ရှင်ကို ထုတ်လုပ်ဖြန့်ချိသွားမည်ဖြစ်ကာ ယင်းကုမ္ပဏီဟာ ကမ္ဘာတစ်ဝန်း ကျော်ကြားခဲ့သည့် ရုပ်ရှင်များဖြစ်ကြတဲ့ "Iron Man 3"နဲ့ "Point Break" တို့ကို ထုတ်လုပ်ခဲ့တဲ့ ကုမ္ပဏီလည်းဖြစ်ပါတယ်။

၁၉၃၀ ပြည့်နှစ်ကာလများကို ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမယ့် အဆိုပါရုပ်ရှင်မှာ ထည့်သွင်းရိုက်ကူးသွားမယ့် နောက်ခံမြင်ကွင်းတွေ၊ ဝတ်စုံတွေနဲ့ အနုပညာဖန်တီးမှုတွေက ယင်းရုပ်ရှင်ကို ပရိသတ်တွေအတွက် ကြည့်ရှုဖို့ထိုက်တန်တဲ့ ရုပ်ရှင်ကောင်းတစ်ခုဖြစ်လာစေလိမ့်မယ်လို့လည်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ ယင်းရုပ်ရှင်ရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှစတင်ကာ တရုတ်နိုင်ငံ ရှန်ဟိုင်းနဲ့ ဟန်းဒိုင်ယန်တို့မှာ သွားရောက်ရိုက်ကူးသွားမှာ ဖြစ်ပါတယ်။

မင်းသားလီဂျွန်ဆပ်နဲ့အတူ တွဲဖက်ရိုက်ကူးသွားဖို့ ခေါင်းဆောင်မင်းသမီးအဖြစ် တရုတ်မင်းသမီးတစ်ဦးကို ရွေးချယ်ထားပေမယ့် ဘယ်သူဘယ်ဝါဆိုတာကိုတော့ ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရပါတယ်။

ခင်ခင်သက်

# ချစ်သူများနေ့အကြို 'ဆုံနိုင်ခွင့်' ဖျော်ဖြေပွဲကျင်းပမည်




တေးသံရှင် အဲလက်စ်နှင့် ထွန်းအိန္ဒြာဗိုတို့က ချစ်သူများနေ့အကြို ဖျော်ဖြေပွဲအဖြစ် ဆုံနိုင်ခွင့် Live & Exclusive ဖျော်ဖြေပွဲကို လာမည့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရန်ကုန်မြို့ MCC ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ၁၉၉၇၊ ၁၉၉၈ ကာလများက အလွန်ကျော်ကြားခဲ့သော ဆုံနိုင်ခွင့် တေးစီးရီးမှ သီချင်းများအပြင် အဲလက်စ်နှင့် ထွန်းအိန္ဒြာဗိုတို့၏ အောင်မြင်ကျော်ကြားသော အခြားတေးသီချင်းများကို ထည့်သွင်းဖျော်ဖြေသွားမည်ဖြစ်သည်။

အဆိုပါဖျော်ဖြေပွဲတွင် Plus Three Band က တာဝန်ယူတီးခတ်ပေးသွားမည်ဖြစ်ပြီး Inspire ဖျော်ဖြေရေးက စီစဉ်တင်ဆက်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဖျော်ဖြေပွဲမှာ ချစ်သူများနေ့အထိမ်းအမှတ်အဖြစ် ပြုလုပ်သော ဖျော်ဖြေပွဲဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၄ ရက်ထက် နှစ်ရက်စောကာ ကျင်းပသွားမည်ဖြစ်ကာ ပရိသတ်များအနေဖြင့် မိမိတို့ ကြိုက်နှစ်သက်ရာ သီချင်းများကို အွန်လိုင်းမှ အကြိုတောင်းဆိုနိုင်ပြီး တေးသံရှင်တစ်ဦးချင်းစီ၏ အကျော်ကြားဆုံးသီချင်းများကို မဲပေးရွေးချယ်နိုင်အောင်လည်း စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**(မေလှဲ့သင်း)**

ကြေးမုံရုပ်ရှင်အညွှန်း

# ခရစ္စမတ်မှာကြည့်ရှုနိုင်မယ့် ခရစ္စမတ်ဟာသဇာတ်ကား Krampus




ကြေးမုံရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် ဒီတစ်ပတ်မှာတော့ နေပြည်တော် Cineplex 1၊2၊ 3၊ မင်္ဂလာစံပြနဲ့ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတွေမှာ Krampus လို့အမည်ရတဲ့ ဟာသဝိညာဉ်ဇာတ်ကားသစ်လေးကို ကြည့်ရှုကြရမှာ ဖြစ်ပါတယ်။ ဒီဇင်ဘာ ၂၅ ရက်မှာကျရောက်မယ့် ခရစ္စမတ်ပွဲတော်အမီ ခရစ္စမတ်ပွဲအကြောင်းကို အခြေပြုရိုက်ကူး ထားတဲ့ ဟာသဇာတ်ကားသစ် "Krampus" ကို ခရစ္စမတ်နေ့မှာ စတင်ရုံတင်သွားမှာ ဖြစ်ပါတယ်။

ခရစ္စမတ်ပွဲတော်ကို ပါဝင်ဆင်နွှဲဖို့ စိတ်အားထက်သန်နေတဲ့ ကောင်လေး မက်စ်က သူ့ရဲ့မိသားစုဝင်တွေနဲ့ ခရစ္စမတ်ကျောင်းပိတ်ရက်အစီအစဉ်တွေ အပေါ် အငြင်းအခုံဖြစ်ခဲ့ပြီး စိတ်ဝမ်းကွဲနေခဲ့တာကြောင့် ခရစ္စမတ်ပွဲတော် ကို ပါဝင်ဆင်နွှဲလိုစိတ်မရှိတော့ဘဲ ကျောခိုင်းဖို့ဆုံးဖြတ်ခဲ့ပါတယ်။

ခရစ္စမတ်ပွဲတော်ကိုနွှဲဖို့ စိတ်မပါတဲ့သူတွေကို ဒဏ်ခတ်လေ့ရှိသူ Krampus လို့ခေါ်တဲ့ ရှေးဟောင်း မိစ္ဆာတစ်ဦးဖြစ်သူက ယင်းဖြစ်ရပ် အကြောင်းကိုသိသွားတဲ့အခါ ခရစ္စမတ်ပွဲတော်ကို ဆင်နွှဲဖို့စိတ်မပါတဲ့ မက်စ်တို့ မိသားစုအပေါ်ကို သူရဲ့စွမ်းအားနဲ့ အဆီအငေါ်မတည့်အောင်၊ အချင်းချင်းရန်ဖြစ်တိုက်ခိုက်ကြအောင် ဖန်တီးလှုံ့ဆော်ပါတော့တယ်။

အဲဒီလို Krampus ရဲ့ ဒဏ်ခတ်မှုကနေ မက်စ်တို့မိသားစု လွတ်မြောက်ဖို့ကြိုးစားရပုံတွေကို ပုံဖော်ဖန်တီးရိုက်ကူးထားတဲ့ ဒီဇာတ်ကားလေးမှာ အဓိကသရုပ်ဆောင်တွေအဖြစ် Toni Collette၊ Allison Tolman နဲ့ Adam Scott တို့က ပါဝင်အားဖြည့်ပေးထားပါတယ်။ ဒါရိုက်တာကတော့ Michael Dougherty ဖြစ်ပြီး ကြာမြင့်ချိန် ၉၈ မိနစ်ကြာတဲ့ 2D ဟာသ ဇာတ်ကားတစ်ကားဖြစ်ပါတယ်။

မြန်မာရုပ်ရှင်ဇာတ်ကားအနေနဲ့ကတော့ ယခင်တစ်ပတ်က ပြသဆဲဖြစ်တဲ့ ရည်းစားဦးဇာတ်ကားကို သမ္မတ၊ သွင်နဲ့ ဝင်းလိုက်ရုပ်ရှင်ရုံတွေမှာ ဆက်လက်ကြည့်ရှုနိုင်မှာဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။

**(ဖြိုးစန္ဒာမြင့်)**



# ယူရို ၂၀၁၆ ပြိုင်ပွဲပြီးလျှင် ဒယ်ဘိုစကေး အနားယူမည်

စပိန်အသင်းနည်းပြ ဒယ်ဘိုစကေးသည် ပြင်သစ်မြေတွင် ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ပြိုင်ပွဲ ပြီးဆုံးပါက နည်းပြဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း သိရသည်။

အသက်(၆၄)နှစ်အရွယ်ရှိ ရီးယဲလ်မက်ဒရစ်နည်းပြဟောင်း ဒယ်ဘိုစကေးသည် စပိန်နိုင်ငံလက်ရွေးစင်အသင်းအား ၂၀၁၀ ကမ္ဘာ့ဖလားနှင့် ယူရို ၂၀၁၂ ဖလားတို့ကို ရယူပေးနိုင်ခဲ့သူဖြစ်သည်။

စပိန်ဘောလုံးအဖွဲ့ချုပ်၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် နည်းပြဒယ်ဘိုစကေးသည် ၎င်း၏ နောက်ဆုံးဆုံးဖြတ်ချက်မချမီကပင် ဘောလုံးအဖွဲ့ချုပ်အား အသိပေးပြောကြားပြီးဖြစ်ကြောင်းလည်း သိရသည်။

စပိန်နည်းပြအဖြစ်မှ ဒယ်ဘိုစကေးအနားယူသွားပါက ဘာစီလိုနာအသင်းနည်းပြ ဟင်နရီကေးသည် နည်းပြဒယ်ဘိုစကေး၏ နေရာတွင် အစားထိုးကာ စပိန်နည်းပြအဖြစ် ပြောင်းလဲတာဝန်ယူမည်ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြထားသည်။

(ငွေကြယ်)

# မန်ယူနဲ့ အာဆင်နယ်ကိုပြောင်းဖို့ ပီအက်စ်ဂျီကနေ ကာဗာနီ ဘာကြောင့်ထွက်ချင်သလဲ



ဥရုဂွေးတိုက်စစ်မှူးဟောင်း ဒီယေဂိုဖော်လန်သည် ဥရုဂွေးအသင်း ကစားဖော်ဟောင်းဖြစ်သူ တိုက်စစ်မှူး ကာဗာနီအား ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတွင် အသားကျနေပြီဖြစ်သော်လည်း ပီအက်စ်ဂျီအသင်းမှ ပရီမီယာလိဂ်ကလပ်အသင်းများ ဖြစ်ကြသည့် မန်ယူအသင်း သို့မဟုတ် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားမည့်ကိစ္စများနှင့် စပ်လျဉ်း၍ သုံးသပ်ထားသည်။

တိုက်စစ်မှူး ကာဗာနီသည်လည်း အင်္ဂလန်ပရီမီယာလိဂ်၏ ထိပ်တန်းအဆင့်ရှိကလပ်အသင်းများဖြစ်သည့် မန်ယူအသင်း၊ ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့အနက် တစ်သင်းသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ထားပြီးဖြစ်သည်။

ပါလာမိုနှင့် နာပိုလီတိုက်စစ်မှူးဟောင်း ကာဗာနီသည် လက်ရှိတွင် ပြင်သစ်ပထမတန်း၏ အချမ်းသာဆုံးအသင်းဖြစ်သည့် ပီအက်စ်ဂျီအသင်း၌ ပုံမှန်ပွဲထွက်ခွင့်ရရန် ရုန်းကန်နေရသူဖြစ်သည်။ တစ်ခါတစ်ရံတွင် နည်းပြလော်ရင့်ဘလန့်က တိုက်စစ်မှူးကာဗာနီထက် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ကို ဦးစားပေးမှုများကြောင့် အီဘရာဟီမိုဗစ်ချ်၏ လွှမ်းမိုးခြင်းကိုလည်း ခံထားရသူဖြစ်သည်။

ထို့ကြောင့် တိုက်စစ်မှူး ကာဗာနီ၏ အနာဂတ်နှင့် စပ်လျဉ်း၍ မေးခွန်းထုတ်မှုများရှိခဲ့သော်လည်း ဒီယေဂိုဖော်လန်အနေဖြင့် ပီအက်စ်ဂျီအသင်းမှ မထွက်ခွာမီ အနာဂတ်အတွက် ဂရုတစိုက်စဉ်းစားသင့်ကြောင်း အကြံပြုထားသည်။

ဒီယေဂိုဖော်လန်အား ကာဗာနီ၏ အနာဂတ်ဆုံးဖြတ်ချက်ချမှုနှင့် ပတ်သက်၍ သုံးသပ်ပေးရန်ပြောကြားခဲ့ရာတွင် မိမိအနေဖြင့် ကာဗာနီအား ပရီမီယာလိဂ်သို့သာ ပြောင်းရွှေ့ကစားရန် အထူးအကြံပြုလိုကြောင်း ဆိုထားသည်။ တိုက်စစ်မှူး ကာဗာနီသည် ယခုနှစ်ဘောလုံးရာသီတွင် လိဂ်သွင်းဂိုးတစ်ဂိုးသာလျှင် သွင်းယူနိုင်ခဲ့ပြီး အီဘရာဟီမိုဗစ်ချ်၊ ဘတ်ရှုယာယီနှင့် မော်ကန်ဂျီတို့ကသာလျှင် ပီအက်စ်ဂျီအသင်းအား ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၁၆ သင်းအဆင့်တက်လှမ်းရန်အတွက် အထောက်အကူပြုသည့်ကစားသမားများဟု သတ်မှတ်ထားသည်။

သို့ရာတွင် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ယခုနှစ်ဘောလုံးရာသီကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် လာမည့်ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းအတွက် အဓိကဦးစားပေးကစားသမားမှာ တိုက်စစ်မှူး ကာဗာနီဖြစ်လာနိုင်ကြောင်းလည်း ဒီယေဂိုဖော်လန်က အကြံပြုထားသည်။ တိုက်စစ်မှူး ကာဗာနီသည် လွန်ခဲ့သည့်တစ်နှစ်ခွဲက ပီအက်စ်ဂျီအသင်းအတွက် အဓိကအားထားရသည့် ကစားသမားဖြစ်ခဲ့ကြောင်းလည်း ဒီယေဂိုဖော်လန်က ပြောကြားထားသည်။

ထို့ပြင် တိုက်စစ်မှူး ကာဗာနီသည် ပီအက်စ်ဂျီအသင်းအတွက် အရေးပါသည့်သွင်းဂိုးများကို သွင်းယူပေးခဲ့သည့်အပြင် ကွင်းလယ်ပိုင်းတွင်လည်း အခွင့်အလမ်းများစွာဖန်တီးပေးနိုင်ခဲ့သည့် ကစားသမားဖြစ်ကြောင်း ဒီယေဂိုဖော်လန်က ဆိုသည်။

ပီအက်စ်ဂျီအသင်းအတွက် တိုက်စစ်မှူး အီဘရာဟီမိုဗစ်အကောင်းဆုံးအနေအထားတွင် ရှိခဲ့သော်လည်း လူတိုင်းအတွက် အချိန်ကသာလျှင် အဆုံးအဖြတ်ပေးသွားလိမ့်မည်ဖြစ်ကြောင်း၊ လက်ရှိအနေအထားတွင် အီဘရာဟီမိုဗစ်ချ်သည် ပရော်ဖက်ရှင်နယ်ကျပြီး တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်း ကောင်းမွန်သည့် ကစားသမားလည်း ဖြစ်ကြောင်း၊ တိုက်စစ်မှူး ကာဗာနီအနေဖြင့် အဆိုပါအကြောင်းအရာများကို သိရှိပြီးဖြစ်လိမ့်မည်ဖြစ်ကြောင်းနှင့် သက်သောင့်သက်သာခံစားလိမ့်မည်ဖြစ်ကြောင်း ဒီယေဂိုဖော်လန်က ၎င်း၏ ထင်မြင်ချက်ကို ပြောကြားခဲ့သည်။

(ငွေကြယ်)

## ခုနစ်ပွဲဆက်ရှုံးပွဲမကြုံဖို့ ရုန်းကန်ရမယ့် မန်ယူနဲ့

# ပရီမီယာလိဂ်ရင်ခုန်သံ – ၁၈

*ပရီမီယာလိဂ်ပွဲစဉ် (၁၈) ကို လာမယ့် ဒီဇင်ဘာ ၂၆ ရက် ညမှာပွဲစဉ်အားလုံးယှဉ်ပြိုင်ကစားသွားဖို့ရှိနေပါတယ်။ အဆိုပါ Boxing Day ပွဲစဉ်တွေမှာတော့ ပွဲစဉ် (၁၇) တုန်းက ရှုံးပွဲကြုံတွေ့ခဲ့ရတဲ့ မန်ယူအနေနဲ့ စတုတ်ကို အနိုင်ပြန်ယူနိုင်ပါ့မလားဆိုတာ စိတ်ဝင်တစားစောင့်ကြည့်ချင်စရာကောင်းနေပါတယ်။*



ရှိုင်းမင်းမင်း

**စတုတ်-မန်ယူ ည ၇း၁၅ (၂၆-၁၂-၁၅)**

စတုတ်ရဲ့ ကစားပုံက မာကျောမှုအပြည့်ရှိပါတယ်။ အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့်လည်း အားစိုက်တုံ့ပြန်ကစားလာမှာသေချာနေပါတယ်။ မန်ယူကတော့ လက်ရှိအချိန်မှာ အသင်းလိုက်စွမ်းဆောင်ရည် ကျဆင်းနေပြီး တိုက်စစ်နဲ့ခံစစ်ကလည်း မတည်ငြိမ်ပါဘူး။ မန်ယူသရေလောက်ပဲ ကစားနိုင်ဖို့ရှိပါတယ်။

**ဘုန်းမောက် -ခရစ္စတယ်ပဲလေ့စ် ည ၉း၃၀ (၂၆-၁၂-၁၅)**

ဝက်စ်ဘရွန်းကို အနိုင်ရခဲ့ပြီး နောက်ဆုံးသုံးပွဲဆက်တိုက် နိုင်ပွဲတွေရယူနိုင်ခဲ့တဲ့ ဘုန်းမောက်ရဲ့ ခြေစွမ်းပိုင်းက ကောင်းမွန်နေတယ်။ ဒါပေမယ့် ပဲလေ့စ်ကလည်း အဝေးကွင်းမှာ စတုတ်ကိုအနိုင်ရခဲ့ပြီး လေးပွဲဆက်တိုက်ရှုံးပွဲမရှိတဲ့အထိ ခြေတည်ငြိမ်နေပါတယ်။ အိမ်ကွင်းဖြစ်ပေမယ့် ဘုန်းမောက် သရေလောက်ပဲရမယ်။

**လီဗာပူး -လက်စတာ ည ၉း၃၀ (၂၆-၁၂-၁၅)**

ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ လက်စတာရဲ့ တောင့်ခံနိုင်အားကို စမ်းသပ်မယ့်ကာလလည်း ဖြစ်ပါတယ်။ အထူးသဖြင့် လက်စတာဟာ ဒီပွဲအပြီးမှာလည်း မန်စီးတီးနဲ့ ပွဲကျပ်ရှိနေသေးလို့ ခြေကုန်ထုတ်ဖို့ခက်ခဲနေမှာပါ။ လီဗာပူးကတော့ အိမ်ကွင်းအားနဲ့ ဖိအားပေးသွားမှာဖြစ်တာကြောင့် လက်စတာအမှတ်ရဖို့ခက်ပါလိမ့်မယ်။

**စပါး - နော့ဝှစ်ချ် ည ၉း၃၀ (၂၆-၁၂-၁၅)**

ဆောက်သမ်တန်ကို အနိုင်ရခဲ့တဲ့ပွဲစဉ်မှာ စပါးရဲ့ကစားပုံက ကောင်းမွန်မှုရှိခဲ့ပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် စတုတ္ထနေရာမှာ ဆက်လက်တည်မြဲရေး အားစိုက်လာမှာလည်း သေချာနေပါတယ်။ ဒါကြောင့် နော့ဝှစ်ချ်ရဲ့ ခြေစွမ်းကောင်းမွန်နေပေမယ့် ဒီပွဲမှာ စပါးကသာအနိုင်ပွဲရယူသွားနိုင်ပါတယ်။

**မန်စီးတီး - ဆန်းဒါးလန်း ည ၉း၃၀(၂၆-၁၂-၁၅)**

ဆန်းဒါးလန်းရဲ့ခြေစွမ်းပိုင်းက အားနည်းမှုတွေများနေဆဲဖြစ်ပါတယ်။ ချယ်လ်ဆီးကို ရှုံးနိမ့်ခဲ့ရတဲ့ပွဲအပါအဝင် နောက်ဆုံးသုံးပွဲဆက်ရှုံးပွဲကြုံခဲ့ကာ ခံစစ်ကလည်း အမှားများနေပါတယ်။ မန်စီးတီးကတော့ အိမ်ကွင်းလည်းဖြစ်သလို ဒီလိုပွဲစဉ်မျိုးမှာ အမှားအယွင်းအဖြစ်ခံမှာမဟုတ်ပါဘူး။ မန်စီးတီးပဲအနိုင်ရမှာပါ။

**ချယ်လ်ဆီး - ဝက်ဖို့ဒ် ည ၉း၃၀ (၂၆-၁၂-၁၅)**

မော်ရင်ဟိုကို ထုတ်ပယ်ခဲ့ပြီးတဲ့နောက် ချယ်လ်ဆီးရဲ့ကစားပုံက ကောင်းမွန်လာခဲ့သလို ဆန်းဒါးလန်းကို နိုင်ခဲ့ကာ ဒီပွဲစဉ်မှာလည်း နိုင်ပွဲဆက်နိုင်ဖို့ အိမ်ကွင်းအားနဲ့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဝက်ဖို့ဒ်ကတော့ ကစားပုံမဆိုးဘူးဆိုပေမယ့် အမှတ်လိုနေတဲ့ ချယ်လ်ဆီးကသာ နိုင်ပွဲရသွားဖို့ရှိပါတယ်။

**ဆွမ်ဆီး - ဝက်စ်ဘရွန်း ည ၉း၃၀ (၂၆-၁၂-၁၅)**

ဝက်စ်ဘရွန်းခြေစွမ်းက အကျဘက်ရောက်ရှိနေပါတယ်။ ဘုန်းမောက်ကို ရှုံးနိမ့်ခဲ့ရတဲ့ပွဲအပါအဝင် နောက်ဆုံးလေးပွဲဆက် အနိုင်မရခဲ့ပါဘူး။ ဒါပေမယ့် သတိပြုရမှာက ဝက်စ်ဘရွန်းဟာ အဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်ကစားပုံ ကျစ်လျစ်မှုရှိတတ်တဲ့အချက်ပဲ ဖြစ်ပါတယ်။ ဆွမ်ဆီးကို သရေလောက်ပဲကစားနိုင်မှာပါ။

**အက်စတွန်ဗီလာ - ဝက်စ်ဟမ်း ည ၉း၃၀ (၂၆-၁၂-၁၅)**

နယူးကာဆယ်ကို သရေကစားနိုင်ခဲ့တယ်ဆိုပေမယ့် ဗီလာခြေစွမ်းကအကောင်းဆုံးပုံစံမှာ မရှိပါဘူး။ ဒီပွဲစဉ်က အိမ်ကွင်းပွဲစဉ်ဖြစ်လို့ တန်းမဆင်းရရေးအားစိုက်လာမှာဖြစ်ပေမယ့် အသင်းလိုက်ကစားပုံကောင်းတဲ့ ဝက်စ်ဟမ်းရဲ့ တုံ့ပြန်မှုကို ထိန်းချုပ်ဖို့ခက်ခဲနိုင်ပါတယ်။ ဝက်စ်ဟမ်းကသာ ကပ်နိုင်သွားဖို့ရှိပါတယ်။

**နယူးကာဆယ် - အဲဗာတန် နံနက် ဝ၀း၀၀ (၂၇-၁၂-၁၅)**

ဗီလာနဲ့သရေကျခဲ့ပြီး နောက်ဆုံးပွဲဆက် အနိုင်မရှိခဲ့တဲ့ နယူးကာဆယ်ရဲ့ ကစားအားကမဆိုးပါဘူး။ ဒါပေမယ့် အဲဗာတန်ကလည်း လက်စတာကိုရှုံးပြီး နောက်ဆုံးလေးပွဲဆက်အနိုင်မရခဲ့လို့ မဖြစ်မနေနိုင်ပွဲပြန်ရှာမှာပါ။ အသင်းလိုက်ခြေစွမ်းမှာလည်း အဲဗာတန်က အားသာနေတာကြောင့် အဲဗာတန်နိုင်ပွဲပြန်ရနိုင်ပါတယ်။

**ဆောက်သမ်တန် - အာဆင်နယ် နံနက် ၂း၁၅ (၂၇-၁၂-၁၅)**

ပွဲကောင်းတစ်ပွဲပါ။ ဆောက်သမ်တန်ဟာနောက်ဆုံးပွဲစဉ်မှာ စပါးကို ရှုံးနိမ့်ခဲ့ပြီး ငါးပွဲဆက်တိုက်အနိုင်မရခဲ့ပေမယ့် အဆိုပါနောက်ဆုံးငါးပွဲမှာ တစ်မှတ်သာရခဲ့တဲ့ အခြေအနေကြောင့် ဒီပွဲမှာရလဒ်ကောင်းရဖို့အားစိုက်လာမှာ သေချာနေတယ်။ ဒါကြောင့် အာဆင်နယ်ခြေကောင်းပေမယ့် ဒီပွဲမှာကပ်ပြီးသာနိုင်ခြေရှိတယ်။

# ကသာမြို့၌ ထင်းခွဲခြမ်းတင်ဆောင်လာသည့်ယာဉ်တိမ်းမှောက်

**ကသာ ဒီဇင်ဘာ ၂၃**

ကသာမြို့ ရပ်ကွက်(၉) တောရကျောင်း ဘုန်းကြီးကျောင်းကုန်းလမ်းအဆင်းတွင် ထင်းခွဲခြမ်းတင်ဆောင်လာသည့်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ကသာမြို့မရဲစခန်းမှ ဒုရဲအုပ်သိန်းနိုင်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းက သွားရောက်စစ်ဆေးခဲ့သည်။



စစ်ဆေးချက်အရ ကသာမြို့နေ အောင်စိုးမိုးသည် ထော်လာဂျီယာဉ်အား ကသာမြို့ အမှတ်(၉) ရပ်ကွက်မှ တုန်းပေါ်ကျေးရွာသို့ ထင်းခွဲခြမ်းတင်ဆောင်ပြီး မောင်းနှင်လာစဉ်ကုန်းအဆင်း၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်လဲကျခြင်း ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကသာမြို့မရဲစခန်းက ယာဉ်မဆင်မခြင် မောင်းနှင်သူ အောင်စိုးမိုးအား အမှုဖွင့် စစ်ဆေးဆောင်ရွက်ထားကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

# လားရှိုးမြို့နှင့် မဟာအောင်မြေမြို့တို့တွင် ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၀ ရက်က လားရှိုးမြို့အဝင် ဟိုပိတ်အေးရှားဝေါလ်တိုးဂိတ်အနီးတွင် လောက်ကိုင်မှ လားရှိုးဘက်သို့ နယ်စပ်မန်း ခရီးသည်တင်ယာဉ်ငယ်အသင်းမှ ဦးသန်းမောင်မောင်းနှင်လာသည့် CC/------ ယာဉ်အားရှာဖွေရာ ခရီးသည် မသဲသဲနှင့် မမြင့်မြင့်ကြည်တို့ သယ်ဆောင်လာသည့် ပလတ်စတစ်ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ နှင့် ဘိန်းစိမ်း သုည ဒသမ ၀၁၅ ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မူးယစ်တပ်ဖွဲ့ခွဲ(၁)မန္တလေးမှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု (၁၉) မန္တလေးလေဆိပ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက်က မဟာအောင်မြေမြို့နယ် (၆၅×၆၆)လမ်းကြား (၃၇)လမ်းရှိ Summit Café ဆိုင်ရှေ့တွင် ရဲရှိန်းအောင် မောင်းနှင်၍ ကျော်စွာဝင်းလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ကျော်စွာဝင်း လွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၅၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# အိမ်လခမပေးနိုင်၍ အိမ်မီးရှို့မှု ဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်မေတ္တာ(အေ) ရပ်ကွက်တွင် ဒီဇင်ဘာ ၂၁ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်က အိမ်လခမပေးနိုင်၍ နေအိမ်မီးရှို့မှု ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်မေတ္တာရပ်ကွက် (၁၅)လမ်းရှိ နေအိမ်တွင် ငှားရမ်းနေထိုင်သော ဒေါ်စောမွန် (၃၇)နှစ်သည် အိမ်လခမပေးနိုင်၍ အောင်မေတ္တာ(အေ) ရပ်ကွက် (၈)လမ်းနေ ဒေါ်မြကြည် (၄၉)နှစ် ပိုင်ဆိုင်သည့် (၃×၃)ပင် မြေစိုက်သွပ်မိုး ထရံကာ ဝါးကြမ်းခင်းနေအိမ်ထရံအား မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မကွေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ မကွေးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက မီးသတ်ယာဉ်ခြောက်စီးနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၅၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်စောမွန်အား မကွေးနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

၀၀၀

# တရားမဝင်သယ်ဆောင်လာသော ကျွန်းသစ်ခွဲသားများသိမ်းဆည်းရမိ

**ကျိုက်ထို ဒီဇင်ဘာ ၂၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာတွင် တရားမဝင်သယ်ဆောင်လာသော ကျွန်းသစ်ခွဲသားများအား ဒီဇင်ဘာ ၂၂ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၅ နာရီခန့်က သိမ်ဇရပ်နယ်မြေရဲစခန်းမှ ဒုရဲအုပ် အေးလွင် ဦးဆောင်သောတပ်ဖွဲ့ဝင်များသည် မုပ္ပလင်ကျေးရွာ စစ်တောင်းတံတားသစ်နှင့် တံတားဟောင်းလမ်းဆုံတွင် ပိတ်ဆို့စစ်ဆေးရေးဆောင်ရွက်စဉ် ပဲခူးတိုင်းဒေသကြီး ဆွာမြို့မှ မော်လမြိုင်ဘက်သို့ ပဲခူးတိုင်းဒေသကြီး ဘုရားလေးကျေးရွာနေ သင်းကိုကို(၂၂)နှစ် မောင်းနှင်သည့် ယာဉ်အမှတ် 3G/----- ISUZU အမျိုးအစား ကုန်တင်ယာဉ်အား စစ်ဆေးရာ ယာဉ်၏ နောက်ခန်းတွင် ဖုံးအုပ်သယ်ဆောင်လာသော ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၄၇ ချောင်း (၂ ဒသမ ၉၉၈၂ တန်)အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းသင်းကိုကိုအား သိမ်ဇရပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲခေါင်ဦး)**




## ရန်ကုန်တပ်ကလပ် အခလွတ် တန်းမြင့်ကျောင်း အထက(၃) တာမွေ

ယခင် ရန်ကုန်တပ်ကလပ် အခလွတ် တန်းမြင့်ကျောင်း [ယခု အထက(၃) တာမွေ] ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၃၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၇ရက် (တနင်္ဂနွေနေ့)တွင် အထက-၃၊ တာမွေ ဖွဲ့ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။

၎င်းနေ့ နံနက်ပိုင်းတွင် ကွယ်လွန်သူ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား ရည်စူး၍ သံဃာတော် အရှင်သူမြတ်များအား ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းအမျှပေးပြီး နံနက် ၁၀နာရီတွင် သက်ရှိထင်ရှားရှိနေသည့် ဆရာမကြီးများကို ပူဇော်ကန်တော့ကြမည် ဖြစ်ပါသည်။ အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဦးတင်မောင်လှ ဖုန်း-၀၁-၆၆၃၀၇၈၊ ဦးဖြူဝင်း ဖုန်း-၀၉၇၃၁၈၈၉၀၇၊ ဦးစိုးနိုင် ဖုန်း-၀၉-၅၀၁၃၇၁၂၊ ဦးသိန်းဝင်း ဖုန်း-၀၉-၈၆၁၁၁၆၆၊ ဦးတင်အေး ဖုန်း-၀၁-၅၄၆၆၄၂၊ ဦးလှတင် ဖုန်း-၀၉-၄၂၈၂၀၄၈၈၂၊ ဦးမြင့်ဟန် ဖုန်း-၀၉-၃၁၉၁၅၁၆၀၊ ဒေါ်စမ်းစမ်းယဉ် ဖုန်း-၀၁-၅၄၁၇၀၃ တို့ထံ ဆက်သွယ်လှူဒါန်းကြရန်နှင့် အခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြပါရန်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**



ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန

ရန်ကုန်မြောက်ပိုင်းခရိုင်

(၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့်

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လမ်းခင်းပစ္စည်းများ ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) တင်ဒါဝယ်ယူနိုင်သည့် ရက်၊ နေရာ
- ၂၄-၁၂-၂၀၁၅(ကြာသပတေးနေ့)
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်။

(ခ) တင်ဒါလျှောက်လွှာပိတ်/ဖွင့်မည့် နေ့ရက်၊ အချိန်၊ နေရာ
- ၆-၁-၂၀၁၆(ဗုဒ္ဓဟူးနေ့)
- နံနက်(၁၂)နာရီ
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**

**ဖုန်း-၀၁-၆၄၀၅၁၆**



SEVEN ၀

ခုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?

ဆီဗင်းဇက် ၀ နဲ့ဆက်သွယ်လိုက်ပါ။ အိမ်အရောက်ငွေပေးချေသည်။

"ပွဲခ လုံးဝ မယူပါ"

Ph: 09 - 33 333 511
09 - 33 333 514
09 - 33 333 644



အရောင်းမြှင့်တင်ရေးဝန်ထမ်း(မ)

အမြန်အလိုရှိသည်

အဆောင်ပေးမည်။

ပရောဂျက်ကာလ(၁)လ

လစာ-၁၅၀၀၀၀ကျပ်

အမှတ်-၅၂၊ ၆လွှာ၊ ၅၃လမ်း (အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့

ဖုန်း-၀၉-၂၆၁၄၈၂၀၅၂၊ ၅၁၁၃၁၀၄






ဒေါ်သီတာဦး

B.Com(Q), CPA, Dip IFR

LCCI I,II&III S3 / 2016 June Exam

Level - II (27 Dec စမည်)
(A) Sun 8:00-12:00 am
Accounting Excel
(A) Mon-Tue 6:00 - 8:00 pm

Level - III (27 Dec စမည်)
(A) Sat 2:00 - 8:00 pm
Sun 1:30 - 7:30 pm
(B) Fri - Sat 6:00 - 8:00 pm
Sun 1:30 - 7:30 pm

No.(68), 5A၊ရန်ကုန်အင်းစိန်-လမ်းမ၊ ဇံရိပ်ငြိမ်မှတ်တိုင်၊ လှည်းတန်းအနီး၊ Ph: 09-730 59553, 09-51 78297



ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်ဖုတ်သင်တန်း၊

ဂျယ်လီ၊ ငါးမုန့်၊ ဆော့စ်၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်

EAC

0973071901

02-31505, 09 42174 6622, 01-216072



ယာဉ်မောင်း(၂)ဦးအလိုရှိသည်

မင်္ဂလာတောင်ညွန့်အနီးတစ်ဝိုက်တွင် နေထိုင်သူ ဖြစ်ရမည်။ အင်္ဂလိပ်စကား ပြောနိုင်သူ ဦးစားပေးမည်။

Ph:09-263319256



အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၂)၊ သတ္တမတန်း(C)မှ (ဘ)ဦးမျိုးဆွေ၏သမီး မမေမြတ်နိုး၏ အမည်မှန်မှာ မမေမြတ်နိုးဆွေ ဖြစ်ပါသည်။

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိရာ အပတ်စဉ် ကြာသပတေးနေ့တိုင်းတွင် စာရေးဆရာ "ဝင်းအောင်ကြီး"၏ ဆောင်းပါးများကို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

(စာတည်း)



ဝင်း
အောင်
ကြီး

# သတင်းပိုးနှင့် သူငယ်နာမစင်သော သတင်းရောဂါ

ကလေးပေါက်စအရွယ်မှာ ဖျားရာကနေ ကြီးသည့်တိုင် ရောဂါကျန်နေသေးပါက သူငယ်နာမစင်ဟုပြောလေ့ရှိ၏။ သွေးထဲရောဂါပိုး ဝင်နေပါလျှင်မူ ကုဖို့ခက်ဟုလည်း ဆရာဝန်များကပြောပြန်၏။ ထိုသို့ဆို ကျွန်တော့်မှာ သတင်းပိုးလည်းဝင် သူငယ်နာမစင်သော သတင်းရောဂါကပ်ငြိနေသည်မှာ အသေအချာ။ ကျွန်တော့်ဘဝမှာ အစောဆုံးမှတ်မိနေသည်က ဧရာမပေါက်ကွဲသံကြီး၊ အဖိုးက တံတားကို ချိုးလိုက်ကြပြီဟု ပြောရင်းခေါင်းငိုက်စိုက်ကျ၊ အဒေါ်၏အော်ငိုသံပါ။ နှစ်ပေါင်း ၇၀ ကျော်လာပြီ၊ မျက်စိထဲ မြင်ယောင်နေဆဲ၊ နားထဲကြားနေဆဲပါ။

အဲဒီစစ်တောင်းတံတားကြီးဆောက်လုပ်ရာမှာ ပါခဲ့သောအဖိုး၊ ရွာက

> တံတားချိုးလိုက်သော ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့ မနက် ၅ နာရီခွဲမှာ အဖိုးသည် တံတားဆောက်လုပ်ရေးမှာပါခဲ့ဖူးသည့် သာမန်လူတစ်ယောက် ဖြစ်သွားပြီ၊ အင်္ဂလိပ်စစ်ဗိုလ်ကမူ တာဝန်ထမ်းဆောင်ဆဲ၊ ထို့ပြင် သမိုင်းဝင်ပုဂ္ဂိုလ်၊ လူမှန်းမသိတသိ ကျွန်တော်က အဘယ့်ကြောင့် အခုလိုရေးသားဆွေးနွေး နိုင်သနည်း။

အဖွားနှင့် အိမ်ထောင်ကျကာ ကျွန်တော်တို့ ဆင်းသက်လာကြသဖြင့် တံတားကျိုးသည့်အတွက် ထိုသို့ခံစားကြရခြင်းလား၊ သည့်ထက်ပိုသလား၊ လူမှန်းသူမှန်းမသိသေးသော ကျွန်တော်ကကော အဘယ့်ကြောင့် ထိုကိစ္စကို စွဲလန်းနေရသနည်း။

ရန်ကုန်တက္ကသိုလ် ရောက်လာသောအခါ Field Marshall William Slim ရေးသည့် Defeat Into Victory စာအုပ်ထဲ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်၊ မနက် ၅ နာရီခွဲမှာ စစ်တောင်းတံတားကို ချိုးလိုက်ရပုံ ကျွန်တော်ဖတ်ရသည်။ ဒုတိယကမ္ဘာစစ်သမိုင်းမို့ ထိုဖြစ်ရပ်သည်သတင်း၊ ထို့ကြောင့် သိချင်၊ စူးစမ်းချင်၊ မေးချင်၊ ရေးချင်စိတ်ကို လှုံ့ဆော်သောစိတ်၏ ပင်ရင်းဇာစ်မြစ်သည် သွေးထဲကသတင်းပိုး မဟုတ်ပါလား။

တံတားချိုးလိုက်သော ခုနှစ်၊ လ၊ ရက်၊ အချိန်တို့ အတိအကျ သိရပြီဆိုတော်ရောပေ့။ ကျွန်တော် မတော်နိုင်၊ ဆက်လက်ရှာဖွေ၏။ စင်ကာပူခံတပ်ကြီးကျ၊ အင်္ဂလိပ်တပ်တွေ ကစဉ့်ကလျားဖြင့် ဆုတ်ခွာလာစဉ် ထိုင်းနိုင်ငံတွင်းရှိ ဂျပန်တပ်တွေက မြန်မာပြည်တွင်း ဦးအောင်ဝင်နေနှင့်ပြီ။ စစ်တောင်းမြစ်အနောက်ဘက်ကမ်းအထိ ဂျပန်တပ်တချို့ရောက်သွားပြီမို့ ရန်ကုန်မကျရေးဘုရင်ခံအစိုးရ လက်နက်မချရေး စိုးရိမ်ကာ တာဝန်ကျ အင်္ဂလိပ် ဗိုလ်မှူးချုပ်က စစ်တောင်းတံတားကို ချိုးဖို့ဆုံးဖြတ်လိုက်ရပုံ စသည်တို့ကို ထပ်ပြီးသိလိုက်ရ၏။

ကျွန်တော့်မှာ ဆက်လက်၍ စဉ်းစားစရာ၊ မေးစရာ ရှိလာပြန်ပြီ။

တံတားချိုးလိုက်စဉ် ခေါင်းငိုက်စိုက်ကျသွားသူ ကျွန်တော့်အဖိုးအရင်းကိုကျော်ပြီး အဘယ့်ကြောင့် အမည်မသိ အင်္ဂလိပ်ဗိုလ်မှူးချုပ်က ကျွန်တော့်ခေါင်းထဲရောက်နေရသနည်း။ ခုစာရေးရင်း ပြန်တွေးမိသည်ကို စာဖတ်သူနှင့် သတင်းရှုထောင့်ကနေ ဆွေးနွေးကြည့်ကြပါစို့။

ပဲခူးကနေ မော်လမြိုင်တစ်ဘက်ကမ်း မုတ္တမအထိ၊ ရထားလမ်းပေါက်ပြီဆိုသည့် သတင်းသက်တမ်းဘယ်လောက်ကြာမလဲ၊ မသကာတစ်ရက်၊ တစ်ပတ်၊ တစ်လနောက်တော့ ခရီးသည်များ သွားနေကျမို့ ရိုးသွားမည်။ ထိုမီးရထားလမ်းအတွက် စစ်တောင်းတံတားသည် အရေးပါသည်ကား အမှန်၊ မည်သည့်ပုဂ္ဂိုလ်ကြီးကမှ တံတားဖွင့်ပွဲလာမလုပ်၍ သတင်းဖြစ်မလာခဲ့ပါ။

သို့သော် ခဲရာခဲဆစ် ဆောက်လုပ်ထားသော ထိုအချိန်က မြန်မာပြည်၏ ဒုတိယအကြီးဆုံး တံတားကြီး ကျိုးကျပျက်သွားပြီဆိုသည်ကလည်း သတင်းဖြစ်ခဲ့သည်။ လူ့သဘာဝအရ တံတားပြီးသွားခြင်းထက် တံတား ပျက်သွားခြင်းကို ပိုမိုစိတ်ဝင်စားလေ့ရှိ၏။ စာဖတ်သူသတိရဖို့ ပထမအချက်။ သတင်းက တံတားမဆောက်၊ တံတားကိုလည်းမချိုး၊ တံတားဆောက်ခြင်း၊ တံတားကျိုးခြင်းကသာ သတင်းဖြစ်စေတာပါ။

နောက်တစ်ဆင့်တက်ကြရအောင်. . .

ကျွန်တော့်အဖိုးသည် တံတားဆောက်ရာမှာ ပါဝင်သော်လည်း ဦးဆောင်သူမဟုတ်။ စစ်တောင်းမြစ်ကို ဖြတ်ရသည်သာမက ပေါင်းလောင်းတောင်ကိုပါ ဒိုင်းနမိုက်များသုံးကာ ဖောက်ထွင်းရသောကြောင့် လုပ်ငန်းစုံမှာ ကျွမ်းကျင်သူ စုံပါလိမ့်မည်။ သာမန်အောက်ခြေအလုပ်သမားများလည်း မရေမတွက်နိုင်အောင် များပေလိမ့်မည်။

တံတားကြီး ဒိုင်းနမိုက်နှင့် ချိုးဖောက်လိုက်သော အင်္ဂလိပ်ဗိုလ်မှူးချုပ်အတွက် အသုံးပြုဖို့ ဒိုင်းနမိုက် အရေအတွက်၊ လုပ်ဆောင်ဖို့ လူအင်အားမည်မျှလိုမည်နည်း၊ မသကာ သုံးယောက်လောက်ပေ့။ တံတားဆောက်စဉ်နှင့် အလွယ်တကူယှဉ်ကြည့်လို့ရသည်။

အဘယ့်ကြောင့် တံတားချိုးသည့်သတင်းက အရေးပါသော သတင်းသို့မဟုတ် သတင်းကြီး ဖြစ်လာရသနည်း။ ဆက်မဖတ်မီ စဉ်းစားကြည့်ပါ။ အဘယ့်ကြောင့် တံတားချိုးသည့်အကြောင်းကို ပြန်သတိရလိုက်လျှင် အဖြေပေါ်မှာ။ သတင်းမှာ နောက်ခံသတင်းများ( Back ground news ) ရှိ၍၊ တံတားချိုးသည့်သတင်းက ဒုတိယကမ္ဘာစစ်ကြီးနှင့် ဆက်စပ်နေလို့မဟုတ်လား။ စာဖတ်သူသတိရဖို့ ဒုတိယအချက်၊ သတင်းမှာ နောက်ခံ သတင်းများရှိတတ်သည်။

နောက်တစ်ဆင့်. . .

ကျွန်တော့်အဖိုးအရင်းထက် အမည်မသိအင်္ဂလိပ်စစ်ဗိုလ်က အဘယ့်ကြောင့် ခေါင်းထဲရောက် နေယူထားရသနည်း။ အဖိုးကခေါ်ကြပါစို့ သတင်းငယ်ထဲကအရန်ဟု၊ အဲဒီမှာအရေးမပါသော သို့တည်းမဟုတ် မထင်မရှား။

အင်္ဂလိပ်စစ်ဗိုလ်က တံတားချိုးသည့် သတင်းကြီးမှာ အဓိကနေရာကပါဝင်သူ၊ သတင်းဝေါဟာရနှင့်ဆိုသတင်းဖြစ်စေသူ (News Maker)၊ အရပ်စကားနှင့်ဆို ရုပ်ရှင်ထဲက ဇာတ်လိုက်လိုဖြစ်နေလို့ပါ။ ပိုရှင်းအောင်ဆို လူတစ်ယောက်အနေနှင့်မူ အဖိုးသည် ကျွန်တော်နှင့်နီး၏။ သတင်းသမားတစ်ယောက် အနေနှင့်မူအမည်မသိအင်္ဂလိပ်စစ်ဗိုလ်အနားသို့ ကျွန်တော်ရောက်နေပြီ။

စာဖတ်သူသတိရဖို့ တတိယအချက်၊ သတင်းသမားတစ်ယောက်နှင့် သတင်းဖြစ်စေသူကြား အကွာအဝေးသည် သတင်းတစ်ပုဒ်၏ အရည်အသွေးကို ပိုင်းဖြတ်ရာ၌ အလွန်အရေးကြီးသည်။

တံတားချိုးလိုက်သော ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့ မနက် ၅ နာရီခွဲမှာ အဖိုးသည် တံတားဆောက်လုပ်ရေးမှာပါခဲ့ဖူးသည့် သာမန်လူတစ်ယောက်ဖြစ်သွားပြီ၊ အင်္ဂလိပ်စစ်ဗိုလ်ကမူ တာဝန်ထမ်းဆောင်ဆဲ၊ ထို့ပြင် သမိုင်းဝင်ပုဂ္ဂိုလ်၊ လူမှန်းမသိတသိ ကျွန်တော်ကအဘယ့်ကြောင့် အခုလိုရေးသားဆွေးနွေးနိုင်သနည်း။

စာဖတ်သူ မေးလာပါက သွေးထဲပါလာသော သတင်းပိုးနှင့် သူငယ်နာမစင်သော သတင်းရောဂါပိုး ငြိကပ်လာသည့် သတင်းသမားဖြစ်၍ပါဟု ကျွန်တော် ဖြေရပါမည်။ ။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်
ဆရာ ဦးရည်ဆန်းမွန် M.A (English), Dip ELTM
၉တန်း၊ ၁၀တန်း: HOME VISIT ENGLISH လက်ခံပြီ
01-646874, 09-5084486, 09-420143796

အသုံးပြုနေသော
မီးစက် 500 KVA
အမြန် ရောင်းမည်
09-5055904

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ကျော်ခန့်[၁၀/ကဖန(နိုင်)၁၁၇၈၉၇]၏ နိုင်ငံကူးလက်မှတ် နံပါတ် MA 158986 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၀၃၅၈၅၈၅

ပန်းဧကရီ ချိုတ်ထီးရှိး၊ ရှောင်းဆာ (ဝနှစဉ်) အဆင့်မြင့်ခရီးသွားလုပ်ငန်း
ေတာင်ကြီး၊ ပြင်ဦးလွင် ပုဂံ (Dec 24, 31 တာချီလိတ်၊ ပယ်ဆိုင်၊ ချင်းမိုင် ထွက်ရှိပါမည်။)
(ပြည်၊ အကောက်တောင်၊ သံတောင်၊ ဘားအံ၊ မော်လမြိုင်) အပတ်စဉ် စနေ၊ နေ့
09-36413899,09-254268089,09-262775151
အိမ်တိုင်ရာရောက် လက်မှတ်ဝန်ဆောင်မှုစနစ် (Group Package များကို အထူးစီစဉ်ပေးသည်။)



# နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ အသုံးပြုမှုများလာသော်လည်း စနစ်တကျမသုံးစွဲတတ်သေး

**မကွေး ဒီဇင်ဘာ ၂၃**

နိုင်ငံတစ်ဝန်းရှိ ဝေးလံခေါင်သီ၍ လျှပ်စစ်မီးရရှိရန်ခက်ခဲသော ကျေးလက်ဒေသများ၌ လျှပ်စစ်မီးလင်းနိုင်စေရန် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများကို အသုံးပြုလျက် အဆင်ပြေကြသော်လည်း စနစ်တကျမသုံးစွဲတတ်ခြင်းကြောင့် ငွေကြေးကုန်ကျမှုများ ရှိတတ်ကြောင်း ဆိုလာပြားနားလည်ကျွမ်းကျင်သူများက အကြံပြုပြောသည်။

အဆိုပါဆိုလာပြားများ ဝယ်ယူသည့်အခါ နားလည်တတ်ကျွမ်းသည့် ကျွမ်းကျင်သူများ၏ အကူအညီဖြင့် ဝယ်ယူသင့်ပြီး တပ်ဆင်အသုံးပြုပုံများကို ဂရုတစိုက်လေ့လာဝယ်ယူသင့်ကြောင်း ၎င်းတို့က ပြောသည်။

"ဆိုလာပြား မျက်နှာပြင်ကို မထိခိုက်အောင် ဂရုစိုက်ရတယ်။ မတော်တဆ မျက်နှာပြင်ကွဲအက်သွားရင် လုံးဝသုံးမရတတ်ဘူး။ အားသွင်းတဲ့အခါမှာလည်း အားပြည့်မပြည့်မသိတဲ့အတွက် ဘက်ထရီအိုဗာချာဂျ်ဖြစ်ပြီး ဘက်ထရီပျက်စီးတတ်တယ်။ ဆိုလာပြားနဲ့ ဘက်ထရီ ချိတ်ဆက်အသုံးပြုတဲ့အခါမှာလည်း ဝိုင်ယာညှပ်ကိုအပေါင်း-အနုတ် (အနီ၊ အနက်) လွဲချိတ်မိရင် ဆိုလာဗို့စတာတွေ ပျက်စီးတယ်။ အကောင်းဆုံးက ဆိုလာပြားတွေဝယ်ယူအသုံးပြုတဲ့အခါ နားလည်တတ်ကျွမ်းသူတွေနဲ့ ဝယ်ယူသင့်ပြီး တပ်ဆင်အသုံးပြုပုံတွေကိုလည်း ဂရုတစိုက်လေ့လာဆောင်ရွက်သင့်တယ်" ဟု မကွေးမြို့မှ အီလက်ထရောနစ်အရောင်းဆိုင်ရှင်တစ်ဦးက ပြောပြသည်။

ဆိုလာပြားများသည် ဝပ်အားအပေါ်မူတည်၍လည်းကောင်း၊ အမှတ်တံဆိပ်နှင့် အရည်အသွေးအပေါ်မူတည်၍လည်းကောင်း ဝပ် (၁၃၀) ဆိုလာတစ်ချပ်လျှင် ကျပ် ၇၃၀၀၀ အထိ ပေးရကြောင်း၊ ဘက်ထရီအားပြည့်မပြည့်သိရှိနိုင်ရန် ဗို့အားတိုင်းမီတာများကိုလည်း ဝယ်ယူဆောင်ထားသင့်ကြောင်း ၎င်းကထပ်မံပြောပြသည်။

ဆိုလာပြားအသုံးပြုမှုသည် ဖယောင်းတိုင်၊ ရေနံဆီအသုံးပြုမှုများထက် ကုန်ကျစရိတ်ပိုမိုသက်သာစေသည့်အပြင် မီးဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကိုလည်း မပေါ်ပေါက်စေနိုင်ကြောင်း၊ လျှပ်စစ်မီးရရှိရန်ခက်ခဲလျက်ရှိနေသေးသော ကျေးရွာများတွင် ၂၀၁၂ ခုနှစ်နောက်ပိုင်းမှစ၍ ဆိုလာပြားများကို တွင်ကျယ်စွာ ဝယ်ယူအသုံးပြုမှုများပြားလာကြောင်း သိရသည်။

သို့သော် ကျေးလက်နေပြည်သူများအနေဖြင့် ဆိုလာပြားများကို စနစ်တကျကိုင်တွယ်တပ်ဆင်အသုံးပြုနိုင်ကြမှသာ ငွေကြေးကုန်ကျမှုသက်သာ၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ပိုမိုအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စွာ(မကွေး)**

## မိုးစပါးများရိတ်သိမ်းပြီး ဈေးကောင်း၍တောင်သူများအဆင်ပြေ

**ပုသိမ်ကြီး ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် မိုးစပါးများ စတင်ရိတ်သိမ်းပြီး အထွက်နှုန်းကောင်းမွန်ကာ စပါးဈေးကောင်း၍ တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသက မိုးစပါးဆို မဂျမ်းတောအဓိကထားစိုက်ကြတာ ဈေးကောင်းလို့လေ။ စပါးတင်းတစ်ရာကို ကျပ် ၁၀ သိန်းကျော်ဈေးပေါက်နေတာ။ တစ်ဧကကို မဂျမ်းတောက မျိုးနှစ်တင်းပျိုးထောင်ရတာ။ တစ်ဧကကို တင်း ၈၀ မှ တင်း ၁၀၀ လောက်ထွက်တယ်။ စိုက်ပျိုးရက် လေးလကြာတယ်။ ရွှေသွယ်ရင်တို့ သုခတို့က မျိုးသုံးတင်းလောက်ပျိုးထောင်ရတာ။ တစ်ဧကတင်း ၁၂၀ ကျော်လောက်ထွက်တယ်။ ရွှေသွယ်ရင်ဆိုရင် တင်းတစ်ရာကျပ် ၆ သိန်းခွဲ။ သုခက ကျပ် ၇ သိန်း ဈေးပေါက်နေတာ။ ဈေးကတော့ကောင်းတယ်။ ကျွန်တော်တို့ဒေသက ခုမှစတင်ရိတ်သိမ်းနေတာပါ။ တစ်ဧကကို အရိတ်၊ အထမ်း လူ ၁၂ ယောက်လောက်ငှားရတာ။ တစ်ဦးကို တစ်မနက် စပါး (ရှစ်ပြည်) ပေးရတာ။ ခုမိုးစပါးပြီးရင်လည်း နွေစပါးစိုက်ကြတော့မှာ။ နွေစပါးကတော့ ရွှေသွယ်ရင်စိုက်ကြတာများတယ်။ ဒီနှစ်ကတော့ အထွက်နှုန်းကောင်းပြီး ဈေးကောင်းလည်းရတော့ စပါးစိုက်တောင်သူတွေ အဆင်ပြေတယ်" ဟု ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာမှ စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

ပုဂံခေတ်မှသည် ခေတ်အဆက်ဆက်တွင် စပါးကျီဟု တင်စားခေါ်ရသော ပုသိမ်ကြီးမြို့နယ်သည် ဆန်စပါးကို အဓိကစိုက်ပျိုးပြီး ပဲ၊ ပြောင်း၊ ကြက်သွန်၊ ငရုတ်၊ ပန်း၊ ကွမ်းရွက် အစရှိသောသီးနှံများ စိုက်ပျိုးပြီး ယခုနှစ် မိုးလေဝသကောင်းမွန်၍ သီးနှံများအထွက်နှုန်းကောင်းမွန်မှုကြောင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်းသိရကာ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးသော နိုင်ငံဖြစ်သောကြောင့် ဆန်စပါးစိုက်ပျိုးခြင်းသည် အရေးကြီးသောကဏ္ဍတစ်ရပ်အဖြစ် တည်ရှိနေသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



## ကလေးခရိုင်တွင် ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်

**ကလေး ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော်လည်း ယခုနှစ် ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လဆန်းပိုင်းက ကလေးဒေသတွင် ယခုနှစ်ကဲ့သို့ ရေကြီးရေလျှံနစ်မြုပ်မှုမှာ နှစ်ပေါင်း ၁၀၀ အတွင်း တစ်ကြိမ်တစ်ခါမျှ ဖြစ်ပေါ်ဖူးခြင်းမရှိခဲ့ဘဲ အဆိုပါရေကြီးရေလျှံမှုကြောင့် ကလေးခရိုင်ရှိ ကလေးမြို့နယ်တွင် လူနေအိမ်ခြေ ၃၅၈ လုံး၊ ကလေးဝမြို့နယ်တွင် လူနေအိမ်ခြေ ၉၁ လုံးနှင့် မင်းကင်းမြို့နယ်တွင် လူနေအိမ်ခြေ ၂၄ လုံး စုစုပေါင်းလူနေအိမ်ခြေ ၄၇၃ လုံး ရေမျောပျက်စီးခဲ့သည်။

ယင်းကဲ့သို့ ကလေးခရိုင်တွင် ပျက်စီးဆုံးရှုံးမှုကြီးမားသော်လည်း နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် ရေဘေးသင့်ပြည်သူများအား မူလအနေအထားထက် သာလွန်ကောင်းမွန်အောင် နေထိုင်နိုင်ကြရေးအတွက် ရေမျောပျက်စီးသွားသော လူနေအိမ်များအစား ပိုမိုကောင်းမွန်သော အိုးသစ်အိမ်သစ်များကို ဒီဇင်ဘာလအတွင်း အမြန်ပြီးစီးနိုင်ရေးအတွက်အရှိန်မြှင့်တင်၍ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ကလေးမြို့နယ်တွင် အဆင့် D ဖြင့် သတ်မှတ်ထားသော ဇုန်(၁)ရှိ ရပ်ကွက်(၉)ရပ်ကွက်မှ အိမ်ခြေ ၁၀ လုံး၊ ဇုန်(၂) ရှိကျေးရွာ ၁၀ ရွာမှ အိမ်ခြေ ၂၆၄ လုံး၊ ဇုန်(၃)ရှိ အောင်မြင်သာကျေးရွာမှ အိမ်ခြေ ၄၈ လုံး၊ ဇုန်(၄)ရှိ ကျေးရွာခုနစ်ရွာမှ အိမ်ခြေ ၃၄ လုံးနှင့် ဇုန်(၅)ရှိ နတ်နန်းကျေးရွာမှ အိမ်ခြေနှစ်လုံး စုစုပေါင်း လူနေအိမ်သစ် ၃၅၈ လုံးအား နိုင်ငံတော်အစိုးရ၏စေတနာ၊ ပြည်သူများထံမှ စေတနာအလှူရှင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့အစည်းများနှင့် ကုမ္ပဏီများ၏ ကူညီထောက်ပံ့မှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုလအတွင်း လုပ်ငန်းဆောင်ရွက်မှုအားလုံး ရာနှုန်းပြည့်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**

UK's Top Computing Degree in Yangon

UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက်
လျှောက်လွှာခေါ်ယူခြင်း

GUSTO INTERNATIONAL COLLEGE

၁။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင် ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။
၂။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများ အတိုင်း Student - Centered Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။
၃။ စာသင်ကာလ ၂နှစ်တက်ရောက်ပြီး အောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။
၄။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသော နိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
၅။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၃)ပုံ ပူးတွဲတင်ပြပြီး လျှောက်ထားနိုင်ပါသည်။

* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည် *

ခြံအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်။ မြေနီကုန်းတံတားအနီး။ ရန်ကုန်မြို့။
Call Now : 09 789 888 222, 09 862 8806, 01 504632

ဒေါ်ယုယုမြင့်
ACCA CIMA DIP IFR LCCI
Auto Count Job Training Corporate Training
အမှတ် (၁၁၇)၊ ၅-ထပ်၊ စဥ့်အိုးတန်းလမ်း (အထက်)၊ (၁၈လမ်းနှင့် ၁၉လမ်းကြား)၊ လသာမြို့နယ်။
09 795940344, 09 73030977, 09 5014563



## ၂၀၁၅–၂၀၁၆ ခုနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ် ပေးအပ်

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၃**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခုနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်ပေးအပ်ပွဲကို တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းဌေးက အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ရန်ပယ်သစ်တောကြိုးဝိုင်း ရန်ပယ်တိုးချဲ့နှင့် ကျောက်မိချောင်းသစ်တောကြိုးဝိုင်းအတွင်းရှိ အိုးပေါက်၊ ရွာမ၊ ဆင်ချိုတိုင်၊ ကုလားမူ၊ သက္ကယ်မြောင်၊ ကျောက်တောင်၊ ပျိုးခင်းတိုက်၊ ညောင်မှော်၊ ဖက်သန်းတက်ဒေသတို့မှ အစုအဖွဲ့ ၁၇ ဖွဲ့၊ ဧကပေါင်း ၁၈၅၅ ဧကအား ဒေသခံပြည်သူ ၅၆၇ ဦးတို့ကို တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းဌေးနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်ထွဏ်းတို့က အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၅၈၀)**

## အလောင်းတော်ကဿပသွားလမ်း ဖွင့်လှစ်မည့်ရက် ပြောင်းရွှေ့

**မုံရွာ ဒီဇင်ဘာ ၂၃**



အလောင်းတော်ကဿပဘုရားသို့ နှစ်စဉ်အနယ်နယ်အရပ်ရပ်မှပြည်သူများ လာရောက်ဖူးမြော်လျက်ရှိရာ ဘုရားဖူးရာသီတွင်အလောင်းတော်ကဿပဘုရားသို့ သွားသည့်လမ်းကို မူလကဒီဇင်ဘာ၂၃ရက်တွင် ဖွင့်လှစ်မည်ဟု သတ်မှတ်ထားသော်လည်းလမ်းပြင်ဆင်မှုများ ထပ်မံပြုလုပ်နေသောကြောင့် လမ်းဖွင့်မည့်ရက်ကို အနည်းငယ် နောက်သို့ဆုတ်လိုက်ကြောင်း သိရသည်။

ဘုရားဖူးရာသီလမ်း ရက်ပြောင်းရွှေ့ဖွင့်လှစ်မည့် အခြေအနေနှင့် ပတ်သက်ပြီး အလောင်းတော်ကဿပအမျိုးသားဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးက "ပြည်တွင်း ပြည်ပနှင့်အနယ်နယ်အရပ်ရပ်မှဘုရားဖူးလာသူတွေ စိတ်အေးချမ်းသာ လာရောက်ဖူးမြော်နိုင်ရေးအတွက် ထပ်မံပြင်ဆင်ဖို့ လုပ်ငန်းလေးတွေ အနည်းငယ်ရှိသေးလို့ လမ်းဖွင့်မည့်ရက်ကို အနည်းငယ်နောက်ဆုတ်ထားပါတယ်။ ခန့်မှန်း ဒီဇင်ဘာ ၂၇ ရက်လောက်တော့ ဖွင့်ဖြစ်မယ်။ နောက်တစ်ခုက ဥယျာဉ်ထိန်းသိမ်းရေးလုပ်ငန်းတွေအပြင် ဘုရားဖူးလာ မိဘပြည်သူတွေ သွားလာရေးအဆင်ပြေစေဖို့အတွက် ဥယျာဉ်ကဆင်တွေအပြင် မြန်မာ့သစ်လုပ်ငန်းက ဆင်တွေနဲ့ပါအားဖြည့်ဖို့ ဆောင်ရွက်နေပါတယ်" ဟုပြောသည်။

ဘုရားဖူးများအနေဖြင့် ဆင်များကို အသုံးပြု၍ လမ်းခရီးသွားရာတွင် သက်ကြီး ရွယ်အိုများနှင့် ကလေးများကို ဦးစားပေး၍ နံနက် ၆ နာရီမှ ၁၁ နာရီခွဲထိတစ်ကြိမ် ညနေ ၃ နာရီ မှ ၆ နာရီထိ တစ်ကြိမ် သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ပေးမည်ဖြစ်သည်။

**ဖိုးချမ်း(မုံရွာ)**

## ဘောအန္တရာယ်လျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ် (ဆင့်ပွား) သင်တန်းဖွင့်လှစ်

**စဉ့်ကိုင် ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကြီးမှူး၍ သဘာဝဘေးလျော့ပါးစေရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက စဉ့်ကိုင်မြို့ မြို့သစ်ရပ်ကွက် ကျောက်စိမ်းခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဆွေက သဘာဝဘေးသည် အကြောင်းအမျိုးမျိုးကြောင့် မမျှော်လင့်သောအခြေအနေတွင် ပေါ်ပေါက်လာတတ်သဖြင့် ဖြစ်ပေါ်လာသောအခြေအနေ လျော့ပါးစေရန်ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက သင်တန်းတက်ရောက်ခြင်းဖြင့် မိမိတို့၏မိသားစု သာမက မိမိတို့၏ပတ်ဝန်းကျင်ကို ကူညီစောင့်ရှောက်မှုများပေးနိုင်ကြောင်း၊ ဆောင်ရန်ရှောင်ရန်အချက်များကို သိရှိမှတ်သားရမည်ဖြစ်သည့်အတွက် စနစ်တကျ လိုက်နာမှတ်သားရန် ပြောကြားခဲ့သည်။

အဆိုပါ သဘာဝဘေးလျော့ပါးစေရေးစေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား)သင်တန်းကို စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၁၅ အုပ်စုမှ သင်တန်းသား ၂၀ ဖြင့် ဒီဇင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၄ ရက်အထိသုံးရက်ကြာ ဖွင့်လှစ်ခဲ့သည်။

ယင်းသင်တန်းသည် မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန အနေဖြင့် စဉ့်ကိုင်မြို့နယ်တွင် ပထမဦးဆုံးဖွင့်လှစ်သောသင်တန်းဖြစ်ကြောင်း သိရသည်။ **တင်တင်ထွေး**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေ (စတုတ္ထအကြိမ်) မှ ထောက်ပံ့သည့်ပစ္စည်းနှင့် ရန်ပုံငွေပေးအပ်

**မြဝတီ ဒီဇင်ဘာ ၂၃**

ကရင်ပြည်နယ်မြဝတီမြို့သောင်ရင်းခန်းမတွင် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေ(စတုတ္ထအကြိမ်) မှ ထောက်ပံ့သည့် ပစ္စည်းများနှင့် ရန်ပုံငွေများ ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး မိုးညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် တာဝန်ရှိသူများကထောက်ပံ့ပစ္စည်းများနှင့် ရန်ပုံငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေ (စတုတ္ထအကြိမ်) မှ လုပ်ငန်း ၂၃ ခုချထားသည်။

မြဝတီမြို့အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ ကျပ်သိန်းပေါင်း ၂၇၇၀ ကျော်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ပထမအကြိမ်တွင် လုပ်ငန်းပေါင်း၂၄ မျိုးအတွက် ကျပ်သန်းပေါင်း ၄၂ ဒသမ ၂၄၀၅ သန်း၊ ဒုတိယအကြိမ်တွင် လုပ်ငန်းပေါင်း ၃၉ မျိုးအတွက် ကျပ်သန်းပေါင်း ၆၂ ဒသမ ၄၇ သန်း၊ တတိယအကြိမ်တွင် လုပ်ငန်းပေါင်း ၅၀ အတွက် ကျပ်သန်းပေါင်း ၁၁၁ ဒသမ ၄၅၈၉ သန်း ရရှိခဲ့ပြီး ယခု စတုတ္ထအကြိမ်တွင် လုပ်ငန်း ၂၃ မျိုးအတွက် ကျပ်သန်းပေါင်း ၄၄ ဒသမ ၉၂၂ သန်း ရရှိခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**


## မုံရွာ GTI, GTC အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

မုံရွာ **GTI, GTC** ကျောင်းသား၊ ကျောင်းသူဟောင်းများ၏(၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မုံရွာမြို့တွင် အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုကန်တော့နိုင်ရေးအတွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

၁။ နေ့ဆွမ်းကပ်ခြင်း
- နေရာ - လယ်တီမဟာသရဏဂုံစာသင်တိုက်၊ အလုံ၊ မြို့ရွာမြို့။
- အချိန် - နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ
- နေ့ရက် - ၂၅-၁၂-၂၀၁၅ရက်(သောကြာနေ့)

၂။ ပူဇော်ပွဲကျင်းပမည့်
- နေရာ - အစိုးရနည်းပညာအထက်တန်းကျောင်း (GTI ကျောင်းဟောင်း)မုံရွာမြို့
- အချိန် - နံနက် ၉း၀၀နာရီ
- နေ့ရက် - ၂၆-၁၂-၂၀၁၅ရက်(စနေနေ့)

မိတ်ဆုံညစာစားပွဲ -၂၆-၁၂-၂၀၁၅ရက် ညနေ ၅နာရီမှ ၉နာရီထိ မြစန္ဒာခန်းမ၊ မုံရွာမြို့







ရင်မတုန်ပေမဲ့
ရင်ခုန်စေမယ့် သိန်းတစ်ထောင်
ကျပ် သိန်း 1000
Premier
PREMIER®
COFFEE
ပရီမီယာကော်ဖီ (၁၀)နှစ်ပြည့် အထိမ်းအမှတ်
ကျပ်သိန်း (၁၀၀) ကံထူးရှင်များ
မဝေဇွန်ဦး
(မင်္ဂလာဒုံမြို့နယ်)
မညီညီဝင်း
(ထားဝယ်မြို့)
ဒေါ်တင်တင်ကြည်
(နေပြည်တော်)
ရဲတပ်ကြပ်ကြီး
မောင်မောင်မြင့်
(ပေါင်းတည်မြို့)
ကိုရဲဝင်းနိုင်
(မော်လမြိုင်မြို့)
ကျပ်သိန်း (၁၀) ကံထူးရှင်များ
ဦးရွှေလှိုင်
(ပဲခူးမြို့)
ဦးအောင်အောင်
(တောင်ကြီးမြို့)
ဦးအောင်ဇော်ဦး
(မြောင်းမြမြို့)
မခင်ဌေးရီ
(မာန်အောင်မြို့)
ဒေါ်အေးအေးသန်း
(နေပြည်တော်)
သင်လည်း သူတို့လို ကံထူးရှင် ဖြစ်နိုင်ပါတယ် . . .

# နှစ်သစ်အကြိုဆုမွန်လွှာ

အားသစ်မာန်ကုမ္ပဏီလီမိတက် မှ ဖြန့်ဖြူးရောင်းချသော ကြံ့နစ်ကောင် ဘိလပ်မြေကိုအစဉ်တစိုက် ရောင်းချပေးလျက်ရှိကြသည့်
အောက်မြန်မာပြည် ကိုယ်စားလှယ်တော်ကြီးများ ဖြစ်ကြသော

**Zin Htet Trading Co.,Ltd**

အမှတ် - (၇၆) လမ်းသစ်လမ်း၊အာလိန်ငါးဆင့်ဘုရားအနီး၊ သာယာကုန်း၊အင်းစိန်မြို့နယ်၊
ဖုန်း - (၀၉ ၂၅၀၁၄၀၁၄၇)

**Shwe Myitta Cement & General Trading**

အဆောင် - (၂၆)၊အခန်း ၄/၅၊ ကျောက်စိမ်း ၄လမ်း ၊ စော်ဘွားကြီးကုန်း၊ပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊
ဖုန်း - (၀၉ ၇၉၄၇၄၂၃၄၁/၀၁ ၉၆၄၀၀၁/၀၉ ၇၈၅၅၀၅၀၃၃)

**ဒါတား**

အမှတ် - (၆ - ၇)၊သမိန်ဗရမ်းလမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊
ဖုန်း - (၀၉ ၅၀၁၅၂၅၈/၀၁ ၅၅၅၃၄၅)

**Win Trading Co.,Ltd**

အမှတ် - (၁၄၃)၊ဓမ္မေဒွာလမ်း၊ဘုရင့်နောင်၊မရမ်းကုန်းမြို့နယ်၊
ဖုန်း - (၀၉ ၅၀၁၀၇၆၁/၀၉ ၇၉၉၇၇၆၈၅၅/၀၉ ၄၂၁၁၆၀၂၉/၀၁ ၆၈၂၄၇၁)

**Doe Tar Won Family**

အဆောင် - (၄)CEG ပညာရေးသမအသင်းဆိုင်ခန်း၊ သမိန်ဗရမ်းလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်
ဖုန်း - (၀၉ ၄၂၀၈၄၃၈၀ / ၀၁ ၅၅၃၉၃၇)

**Naing Nine Construction Material Trading**

အမှတ် - (၂၄)၊အခန်း ၉ - ၁၀၊ကျောက်စိမ်း(၃)လမ်း၊စော်ဘွားကြီးကုန်း၊အင်းစိန်မြို့နယ်၊
ဖုန်း - (၀၉ ၇၈၇၃၃၃၈၁၀)

တို့နှင့်အတူ ကြံ့နစ်ကောင်ဘိလပ်မြေကိုရောင်းချပေးနေသော အရောင်းဆိုင်ကြီးများ၊ ဝယ်ယူသုံးစွဲသူ Customer များအား ၂၀၁၆ ခုနှစ် နှစ်သစ်မှသည်
စီးပွားလာဘ်လာဘများ တိုးတက်ပွားများပါစေကြောင်းနှင့် ကျွန်တော်များ အားသစ်မာန်ကုမ္ပဏီလီမိတက် နှင့် အတူတကွဆက်လက်
လက်တွဲဆောင်ရွက်နိုင်ပါစေကြောင်းနှစ်သစ်အကြိုဆုမွန်ကောင်းတောင်းအပ်ပါသည်။

အားသစ်မာန်ကုမ္ပဏီလီမိတက်
(ကြံ့နစ်ကောင်ဘိလပ်မြေ)



STI MYANMAR UNIVERSITY

University of Bedfordshire

**STI MU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်း၍အောက်ပါ ဘွဲ့ကြို ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်မည်။**

## Faculty of Health Science NEW!

1. Master of Business Administration (Hospital & Health Services Management)
2. Master of Nutrition and Dietetics
3. Master of Public Health

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Royal Society for Public Health (RSPH) UK
- Association for Nutrition (AfN) UK

## Faculty of Education & Linguistics

Master of Education in Leadership and Management

ENROLL NOW

**ဘွဲ့ကြိုသင်တန်းဝင်ခွင့်လိုအပ်ချက်**

- တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ
- IGCSE ဖြေဆိုအောင်မြင်ပြီးသူများ
- ဒုတိယနှစ် (သို့မဟုတ်) နောက်ဆုံးနှစ်လျှောက်ထားလိုသူများသည် STI MU မှ ဒီပလိုမာ/အဆင့်မြင့်ဒီပလိုမာ (သို့မဟုတ်) HND (သို့မဟုတ်) ABE (သို့မဟုတ်)
- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

**ဘွဲ့လွန်သင်တန်းဝင်ခွင့်လိုအပ်ချက်**

- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။
အင်္ဂလိပ်ဘာသာကျွမ်းကျင်ရန်လိုအပ်ပြီး သင်တန်းများ၏ဝင်ခွင့်ထောက်ခံချက်လိုအပ်ပါသည်။

## Faculty of Business

1. Bachelor of Arts (Honours) Business Administration
2. Bachelor of Arts (Honours) Accounting
3. Master of Business Administration

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Marketing UK (CIM)
- The Association of International Accountants UK (AIA)
- The Association of Chartered Certified Accountants UK (ACCA)

## Faculty of Engineering

1. Bachelor of Engineering (Honours) Civil Engineering
2. Bachelor of Engineering (Honours) Architectural Engineering
3. Bachelor of Engineering (Honours) Electronic Engineering
4. Bachelor of Engineering (Honours) Civil & Architectural Engineering
5. Bachelor of Arts (Honours) Architectural Design
6. Bachelor of Science (Honours) Construction Management
7. Master of Business Administration (Engineering Management)

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Building UK (CIOB)
- Institution of Civil Engineers UK (ICE)

Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်
Ph: 507151/52, 377988, 09 250064451
https://www.facebook.com/STIMyanmarUni
www.stiedu.net



Forever Gems by ရွှေနန်းတော်
WOW! Up to 40% off
5% to 40% off
Big Deals For 3 Days Only
25,26,27 December, 2015
9:00am - 10:00pm
Myanmar Plaza (HAGL)
ဖျော်ဖြေရေးအစီအစဉ် (နေ့စဉ် 1:30 pm to 5:30 pm)
မြင့်မြတ်၊ အောင်ရဲလင်း၊ ကောင်းပြည့်၊ ဝတ်မှုန်ရွှေရည်၊ ဖွေးဖွေး၊ ယွန်းယွန်း၊
R-ဇာနည်၊ တန်နီပြီး၊ ရဲရင့်အောင်၊ ဖြူဖြူကျော်သိန်း၊ ပိုင်းစုစိုင်သိန်း၊ နီနီခင်ဇော်၊
Phillipino အကအဖွဲ့၏ဖျော်ဖြေမှု
Violin with music Performance
World Class Fashion Show By Miss Forever Gems
Dancing with games activities
ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၄) ဆိုင်၏
နှစ်သစ်အကြိုအထူးအစီအစဉ်
သိန်းပေါင်း (2000) ကျော်ချီးမြှင့်ပေးမည့် Lucky Draw Program
GRAND LUCKY DRAW PROGRAM
MAZDA3 Brand New ကား (၂) စီး
၅ကျပ်သား ရွှေဆွဲကြိုး (၄)ကုံး ၊ iphone (၂၀)လုံး
Samsung Note 5 (၁၅)လုံး ၊ ipad (၁၅)လုံး
Customers အတွက် Silver Card/Gold Card/Diamond Card အကျိုးခံစားခွင့်
Myanmar Plaza ရှိ Forever Gems By ရွှေနန်းတော် အတွက်သာ
၃၁-၁၀-၂၀၁၅ မှ ၃၁-၁-၂၀၁၆ အထိ
အများဆုံးဝယ်ယူသူ (၁၀)ဦးအတွက်ထပ်ဆင့်အထူးလက်ဆောင်မှန်
နေ့စဉ်ဖွင့်လှစ်ရောင်းချပေးနေပါပြီ
ရွှေ (၁၀)ကျပ်သား (၁) ဆု ၊ ရွှေ (၇)ကျပ်သား (၁) ဆု
ရွှေ (၅)ကျပ်သား (၁) ဆု ၊ ရွှေ (၃)ကျပ်သား (၂) ဆု
ရွှေ (၂)ကျပ်သား (၂) ဆု ၊ ရွှေ (၁)ကျပ်သား (၃) ဆု
ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ
Myanmar Plaza (HAGL, Near Sedona Hotel),Ph: 09-2653 99966, 09-2653 99977, 09-2653 99988

## စစ်တက္ကသိုလ်အမှတ်စဉ်(၁၃)
## တတိယအကြိမ်ဆရာကန်တော့ပွဲ

စစ်တက္ကသိုလ် အမှတ်စဉ်(၁၃) ကျောင်းဆင်းများ၏ တတိယအကြိမ် ဆရာကန်တော့ပွဲကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁၆ရက်(စနေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမ္ဗောရုံ၌ ကျင်းပပြုလုပ်ပါမည်။

ကျောင်းဆင်းသူငယ်ချင်းရောင်းရင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဆရာကန်တော့ပွဲအတွက် မိမိတို့ စေတနာအလျောက် တတ်နိုင်သမျှ အလှူငွေ/ ပစ္စည်းများ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ ဆက်သွယ်လှူဒါန်းရန်-

ခင်အောင် ဖုန်း-၀၉-၇၃၂၀၈၆၇၁ တင့်လွင်ဦး ဖုန်း-၀၉-၅၀၀၁၀၀၇
အောင်မြင့် ဖုန်း-၀၉-၅၁၃၂၅၂၀ ဝင်းကြည် ဖုန်း-၀၁-၇၀၅၄၈၂
ကိုကိုထွေး ဖုန်း-၀၉-၅၀၁၄၈၂၁ မောင်မောင်ဝင်း ဖုန်း-၀၉-၅၀၁၉၃၈၉

### ရန်ကုန်စက်မှုတက္ကသိုလ် (1974-80) ဘာသာရပ်ပေါင်းစုံ ကျောင်းသား/ကျောင်းသူများ၏ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ

စက်မှုတက္ကသိုလ်ကြီးတွင် (၁၉၇၄)ခုနှစ်၌ စတင်ပညာသင်ကြားခဲ့ပြီး ကျောင်းပြီးခဲ့ကြသည့် သူငယ်ချင်းများ၊ ကျောင်းမပြီးခဲ့သည့်သူငယ်ချင်းများ၊ မည်သည့်နှစ်တွင်မဆို စတင်ပညာသင်ကြားခဲ့ပြီး (၁၉၈၀)ခုနှစ်တွင် ကျောင်းပြီးခဲ့သည့်သူငယ်ချင်းများအား..... ဒုတိယအကြိမ်အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲသို့ တက်ရောက်ပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည် ...

◆ **အာစရိယပူဇော်ပွဲ**
နေ့ရက်/ အချိန် ..... ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ (၁၆)ရက်၊ စနေနေ့၊ နံနက် (၉)နာရီ
နေရာ ..... ရန်ကုန်နည်းပညာတက္ကသိုလ်စုဝေးခန်းမ၊ အင်းစိန်မြို့နယ်

◆ **မိတ်ဆုံစားပွဲ**
နေ့ရက်/ အချိန် ..... ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ (၁၆)ရက်၊ စနေနေ့၊ ညနေ (၅)နာရီ
နေရာ ..... ရွှေရှမ်းကန်စားသောက်ဆိုင်၊ အင်းယားလမ်း

အလှူငွေထည့်ဝင်ရန်–(Mech)ဦးတင်ဝင်း09-250648831,(EP)ဒေါ်ခင်ထွေးလှ 09-31346830, (EC)ဦးကြည်မျိုးလွင်09-73373373, (Tex)ဦးမြင့်မောင်09-250028470,(Minn) ဦးလှဝင်း 09-5331013, (Petrol)ဦးစိန်ဘို 09-450019209,(Met)ဦးကြည်စိုး09-5179510, (Archi) ဒေါ်မျိုးမြတ်အေး09-254248840, (Chem)ဒေါ်နှင်းနှင်းအေး09-425303564, (Civil) ဦးဝင်းနိုင် (ဂျပန်)09-5014942,ပုဇွန်တောင်KBZ Bank(0141220040619)(ငွေသွင်းပြီးက ဦးမြင့်သိန်းထွန်း 09-5014926 ထံဆက်သွယ်ပေးပါရန်။)

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၅)၊ ဆိပ်ဖြူမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်းပေါ်ရှိ ဆင်ဖြူကျွန်းတံတား(နွယ်တမယ်)၏ သစ်သားကြမ်းခင်းများပြုပြင်ခြင်းလုပ်ငန်းတွင် လိုအပ်သော ပျဉ်းကတိုးအုပ်စုဝင် သစ်မာများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို တံတားအထူးအဖွဲ့(၅)၊ ဆိပ်ဖြူမြို့၊ ဒု-ညွှန်ကြားရေးမှူး(ရုံး) ဖုန်း-၀၆၁-၃၀၃၇၅ တွင် ၂၃-၁၂-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါပိတ်မည့်နေ့ရက်/အချိန် -၂၇-၁၂-၂၀၁၅ရက်၊ ညနေ ၄း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မင်းဘူးခရိုင်
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၃-၁-၂၀၁၆ရက်၊ နံနက် ၉း၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ကွက်သစ်၊ မြေကွက်အမှတ်(၁၆၄၁) အမည်ပေါက် ဦးငွေသိန်း၏ မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးတင်မြ[၁၂/သလန(နိုင်)၀၀၅၀၁၈]ကိုင်ဆောင်သူက မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များ တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား(မူရင်း)များ တင်ပြပြီး ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ရန် မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များတင်ဆောင်လာသည့် M.V CITY OF MUMBAI V.26 သင်္ဘောသည် ၂၆-၁၂-၂၀၁၅ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မှီအဆင့်(၁)၊ မြေကွက်အမှတ်(၁၁၀)အမည်ပေါက် ဦးစိန်ဝင်း၏ မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်ဦး[၁၂/ကတန(နိုင်)၀၆၃၀၉၈]ကိုင်ဆောင်သူက မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များ တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား(မူရင်း)များတင်ပြပြီး ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၁၃၅)၊ မြေကွက်တည်နေရာအမှတ်(၁၃၅)၊ စံပယ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာ၊ ဦးဇော်ဇော်ဗို[၁၂/တမန(နိုင်)၀၀၆၃၄၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်ဥမ္မာဖေမှ (တရားလို)ပြုလုပ်၍ ရွှေပြည်သာမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၆၄/၁၅ ဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ဦးဇော်ဇော်ဗိုအား (တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ်-၃၂/၁၅အရ တရားရုံးကိုယ်စား ဆောင်ရွက်ရန်အတွက် တရားရုံးမှ ခန့်အပ်ခြင်းခံရသူ ဒေါ်ငုဝါ(ဘီလစ်) [၁၂/လမန(နိုင်)၀၂၉၆၃၃]မှ တရားရုံးဒီကရီ အထောက်အထားများ၊ တရားရုံးမှ တာဝန်ပေးအပ်ခြင်းစာ၊ ဂရန်(မူရင်း) မိတ္တူတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရောင်း/ မောင်း
### အမြန်အလိုရှိသည်

အဆောင်ပေးမည်။
ပရောဂျက်ကာလ(၁)လ
လစာ-၂၅၀၀၀၀ကျပ်

အမှတ်-၅၂၊ ၆လွှာ၊ ၅၃လမ်း၊ (အလယ်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၆၁၄၈၂၀၅၂၊ ၅၁၁၃၁၀၄

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အဖ ဦးသန်းလှိုင်[၇/ပမန(နိုင်)၀၃၅၃၈၀] ၏သားဖြစ်သူ မောင်ရန်နိုင်စိုး [၇/ပမန(နိုင်)၁၃၈၄၅၄]သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအရ ပြုမူနေပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဖခင်-ဦးသန်းလှိုင်[၁၂/ပမန(နိုင်)၀၃၅၃၈၀]**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃)၊ မြေကွက်အမှတ်(၁၇၉/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၇၉/ခ)၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာ၊ ဦးတင်စော(IGU-၁၆၆၄၉၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးလှမင်းမှ တရားလိုပြုလုပ်၍ ရွှေပြည်သာမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၇၃/၁၅ အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ဦးတင်စောအား (တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ်-၂၉/၁၅အရ တရားရုံးကိုယ်စားဆောင်ရွက်ရန်အတွက် တရားရုံးမှခန့်အပ်ခြင်းခံရသူ ဒေါ်ငုဝါ (ဘီလစ်)[၁၂/လမန(နိုင်)၀၂၉၆၃၃]မှ တရားရုံး ဒီကရီအထောက်အထားများ၊ တရားရုံးမှတာဝန်ပေးအပ်ခြင်းစာ၊ ဂရန်(မူရင်း)မိတ္တူတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### မဇ္ဈိမတံခွန် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး

သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+တာ့ချ်မဟာ+နယူးဒေလီ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ်

နိုင်ငံကူးလက်မှတ်ရှိသူများ { ၈ ရက်ခရီး / ၁၅ ရက်ခရီး } စရန် (၂)သိန်း + { USD 620 / USD 720 } ဧပြီ ၁၁ / ဇန် ၃၊ ၁၃၊ ဖေ ၁၊ ၁၀၊ ၂၂၊ မတ် ၂၊ ၁၆၊ ၂၃၊ ဧပြီ ၁၀။

ခရီးစဉ်သေချာစေရန် စရန်ငွေ ၂ သိန်းနှင့် (၂)လ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ရန်ကုန် - အမှတ်(၆၉)၊ ပထမထပ်(ခ)၊ သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ တာမွေ။ ဖုန်း ၀၉-၂၁၅၀၉၉၂၊ ၀၉-၂၀၅၁၄၃၀
မန္တလေး-ခ-၅/၂၀၊ ၄၁×၄၂ လမ်းကြား၊ ၆၆×၆၇ လမ်းကြား။ ဖုန်း ၀၉-၄၀၂၇၆၃၈၅၉၊ ၀၉-၄၄၄၀၂၉၆၉၈

## ဝင်ငွေခွန်ပေးဆောင်ရန် တာဝန်ရှိသူများ

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ဝင်ငွေခွန်ထမ်းဆောင်ရန် လိုအပ်ပါကြောင်း အသိပေးအပ်ပါသည်-

* လစာ၊ လုပ်ခနှင့် ထပ်ဆောင်းရရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်မှ ဘဏ္ဍာနှစ်တစ်နှစ်အတွင်း သက်သာခွင့်များနုတ်ပယ်ပြီး စုစုပေါင်းဝင်ငွေ ကျပ်သိန်း၂၀အထက် ရရှိသူ။
* အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ ပစ္စည်းနှင့် အခြားဝင်ငွေရလမ်းများမှ ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ကုန်ကျသည့်စရိတ်နှင့် သက်သာခွင့်များ နုတ်ပယ်ပြီး စုစုပေါင်းဝင်ငွေ ကျပ်သိန်း ၂၀ အထက်ရရှိသူ။
* သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့်အခြေခံသမဝါယမအသင်းဖြစ်ပါက ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ကုန်ကျသည့်စရိတ်နှင့် သက်သာခွင့်များ နုတ်ပယ်ပြီး စုစုပေါင်းဝင်ငွေ ကျပ်သိန်း ၂၀အထက်ရရှိသူ။
* မြေ၊ အိမ်၊ အဆောက်အအုံ၊ တိုက်ခန်းစသည့် အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ လွှဲပြောင်းခြင်း ပြုလုပ်သည့်တန်ဖိုးသည် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ကျပ်သိန်း ၁၀၀ ထက်ပို၍ မြတ်စွန်းငွေရရှိသူ။
* မြေ၊ အိမ်၊ အဆောက်အအုံ၊ တိုက်ခန်းစသည့် အခြေပစ္စည်းများကို ဝယ်ယူရာတွင် ဝင်ငွေရလမ်းအပြည့်အဝတင်ပြနိုင်ခြင်းမရှိသူ သို့မဟုတ် ဝင်ငွေရလမ်းတင်ပြနိုင်ခြင်း မရှိသူ။
* အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်ထောင်စုနယ်မြေအခွန် ဦးစီးဌာနမှူးရုံး၊ တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် မေးမြန်းနိုင်ပါသည်။

**အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့**

## ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန်တာဝန်ရှိသူများ

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ကုန်သွယ်လုပ်ငန်းခွန်ထမ်းဆောင်ရန် လိုအပ်ပါကြောင်း အသိပေးအပ်ပါသည်-

* ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့်ကုန်စည်များကို ပြည်ပမှတင်သွင်းသူ။
* ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့်ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့်အတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေ ကျပ်သိန်း၂၀၀ ထက်ပိုမိုရရှိသူ။
* ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ ကျပ်သိန်း ၂၀၀ထက် ပိုမိုရရှိသူ။
* ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေ ကျပ်သိန်း ၂၀၀ ထက်ပိုမိုရရှိသူ။
* အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံး၊ တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် မေးမြန်းနိုင်ပါသည်။

**အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့**

ကြော်ငြာ


# ဂီတမှူးမောင်လှအေး စီစဉ်တင်ဆက်သော "လက်စွမ်းပြမြန်မာဂီတတီးလုံးများ"
## [CLASSICAL MUSIC OF MYANMAR (Vol. 1 - 6)]




"သင့်ရဲ့အိမ်မှာဖြစ်စေ၊
သင့်ရဲ့ဆိုင်မှာဖြစ်စေ၊
ဟိုတယ်မှာဖြစ်စေ၊
ကားမောင်းနေရင်းဖြစ်စေ၊
နိုင်ငံခြားသားများကို
ဂုဏ်ယူဝင့်ကြွားစွာ
လက်ဆောင်ပေးလို၍ဖြစ်စေ
သာယာငြိမ့်ညောင်းပြီး
ကျက်သရေမင်္ဂလာအပေါင်းနှင့်
ပြည့်စုံသော ကြည်နူးဖွယ်
မြန်မာ့ဂီတတီးလုံးများကို
နားဆင်လိုသူများအတွက်..
Audio CD များထွက်နေပါပြီ"

ဖြန့်ချိရေး
Golden Land Music Production
Ph: - 01 295 568, 01 297 918

### ဝယ်ယူရရှိနိုင်သောနေရာများ

Tab Book (တော်ဝင်စင်တာ)၊ ဂမုန်းပွင့်ကုန်တိုက်၊ စိန်ဂေဟာ၊ City Mart Super Market၊ Ocean Super Market၊ Orange Super Market၊ Super One ကုန်တိုက်၊ မန်းသီရိစေးသံသွင်း၊ လသာစေးသံသွင်း၊ ထိပ်တန်းစေးသံသွင်း(ပျဉ်းမနား)၊ ပညာရွှေတောင်စာအုပ်ဆိုင်၊ စာပေလောက-၂(ပန်းဆိုးတန်း)၊ Victoria ကုန်တိုက်(Excell Tower၊ ဘုရင့်နောင်၊ လှိုင်သာယာ)၊ Feel စားသောက်ဆိုင်(၁၁၅) မိုင်နှင့်(၂၇၅)မိုင်၊ ZTH ဆီဆိုင်နှင့်စတိုး(မိုင် ၂၀၀၊ နေပြည်တော်)

HAPPY NEW YEAR 2016

**LASHIO EXPO'** (29-12-2015) မှ (2 - 1 - 2016)ထိ (မြို့တော်ခန်းမ)

**PATHEIN EXPO'** (27-1-2016) မှ (31 - 1 - 2016)ထိ (မြို့တော်ခန်းမ)

WINNER PH : 09 517 3076, 09 2500 58306, 09 450 663480



သင် ---------- အာ့ခစ်ချင်လဲ အာလုပ်ချင်လဲ
MWD VARIETY လိုင်းတွင်ပင်တိုင်ဟောပြောနေသော
**ဆရာရှင်မင်း(B.A)**
အကြားအမြင် မနောစွမ်းအား
မန္တလေးမြို့မှထိပ်တန်းပညာရှင်ရန်ကုန်မြို့သို့ရောက်ရှိနေပါသည်။ဖြစ်လိုသောကိစ္စများကိုမနောစွမ်းအားဂန္ဓာရီပညာဖြင့်စီမံဆောင်ရွက်ပေးသည်။ နှုန်း-၅၀၀၀ိ/ တိုက်အမှတ်(၃၄)၊ပထပ်၊မန္တလေးလမ်း(လယ်)မင်္ဂလာတောင်ညွန့်၊ရန်ကုန်၊09-421164758,09-974088891

**ဝယ်လိုသည်**
- ကားအပ်ပြီးစလစ်
- အနှစ် ၂၀ယာဉ်အိုယာဉ်ဟောင်း
- မြန်မာမီနီ Taxi

ဖုန်း-၀၉-၄၄၈၀၀၇၃၇၇

**ဝန်ထမ်းအလိုရှိသည်**
(အမျိုးသမီးသီးသန့်၊ ဆံပင်ညှပ်ဆိုင်)
ဘာသာစုံကျွမ်းကျင် (၂)ဦး
Shampoo (၂)ဦး
အလုပ်သင် (၂)ဦး
(နေ၊ စား၊ စရိတ်ငြိမ်း) 10 Percents
Ph:09-5351932, 09-260018606, 09-970223193

**ပေါ်ဆန်းမွှေးသစ်ရငြိမ့်**
စျေးချိုတဲ့ပေါ်ဆန်းမွှေးသစ်များရငြိမ့်၌ 12 ပြည်
အိတ်များဖြင့်ရောင်းချပေးနေပါပြီ။
09-73077711 01-682844
09-73077722 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

Since 1986

**KMD Institute**

ISO

info@kmdcomputer.com
www.facebook.com/kmdedu.mm

ကွန်ပျူတာသင်တန်း
အပ်နှံခွင့်
စရန်ခွင့်မတ်အထူးအစီအစဉ်..

**20% DISCOUNT**

၂၅ ရက်
ဒီဇင်ဘာ ၂၀၁၅
တစ်ရက်တည်းသာ

Application, Professional & Short-Term Courses (ခရစ္စမတ်ဖိတ်ရက်ရက်တိုသင်တန်း)

IT နည်းပညာနယ်ပယ်တွင် ကမ္ဘာ့အဆင့် ထူးချွန်ကျောင်းသား/ သူများ နှစ်စဉ်မွေးထုတ်ပေးနေသော KMD နှင့်ဆက်သွယ်ပါ။

| | | | |
|---|---|---|---|
| (ပန်းဆိုးတန်း) ☎ ၃၈၁၀၃၅၊ ၃၈၁၇၇၆၊ ၃၈၄၁၀၉ | (မြေနီကုန်း) ☎ ၅၂၇၄၃၆၊ ၅၃၄၁၇၀ | (လမ်းမတော်) ☎ ၂၂၀၅၅၅ | (သိမ်ကြီးဈေး) ☎ ၃၈၄၂၆၈၊ ၃၈၄၆၄၁ |
| တာမွေ(၁) / (၂) ☎ ၅၄၁၃၂၈၊ ၅၄၆၆၀၀ | (ကမ္ဘာအေး) ☎ ၆၆၀၈၈၇ | လှည်းတန်း(၁) ☎ ၅၂၄၄၀၀၊ ၅၀၅၃၉၉ | လှည်းတန်း(၂) ☎ ၅၀၂၂၁၁ |

Hot Line No-0930500100

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ဆိုင်ရာပညာသည်များသည် တပ်မတော်သားများအား ထောက်ကူရန်သာမက ဆေးဘက်ဆိုင်ရာ အထောက်အကူလိုအပ်သော ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း အလုပ်အကျွေးပြု





တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူစဉ်။ (မြဝတီ)

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော်သားများနှင့် မိသားစုဝင်များအတွက် ရောဂါပြုစုကုသရေး၊ ရောဂါရှာဖွေရေး၊ ရောဂါတားဆီးကာကွယ်နှိမ်နင်းရေး၊ ကျန်းမာရေးမြှင့်တင်မှုနှင့် လူနာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် စံပြုထိုက်သည့်သူနာပြုများ၊ ဆေးဘက်ပညာသည်များဖြစ်စေရန်၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက်လည်း အထောက်အကူပြုနိုင်သူများဖြစ်စေရန်နှင့် အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် လူပုဂ္ဂိုလ်တစ်ဦးချင်း၊ မိသားစုတစ်စုချင်းမှသည် ဒေသအလိုက်တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအသိပညာပေး လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန်လိုကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

ယ ၄ နေ့

## မာတိကာ

**ဧရာဝတီမြစ်ရေကျချိန် မြစ်ကျိုးအင်းများတွင် ငါးများတွင်ကျယ်စွာ ဖမ်းယူခြင်းဖြင့် အဆင်ပြေ**

စာမျက်နှာ ➤ ၂

**တတိယလှိုင်းနဲ့အတူ အီလက်ထရွန်နစ်မြို့တော် ဖြစ်လာမယ့် ရန်ကုန်**

စာမျက်နှာ ➤ ၆

# MNL ကလပ်အသင်းများ ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်

*သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်*

MNL ကလပ်အသင်းများဖြစ်သည့် ဧရာဝတီ၊ မကွေး၊ ဟံသာဝတီ၊ ရှမ်းယူနိုက်တက်၊ ဇွဲကပင်နှင့် ချင်းယူနိုက်တက်အသင်းတို့မှာ ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ ရာသီကြိုခြေစမ်းပွဲများတွင် ဧရာဝတီက ဇွဲကပင်ကို နှစ်ဂိုး -တစ်ဂိုး၊ မနောမြေက ချင်းယူနိုက်တက်ကို နှစ်ဂိုး -တစ်ဂိုးတို့ဖြင့် အနိုင်ရပြီး ရှမ်းယူနိုက်တက်နှင့်မနောမြေတို့ တစ်ဂိုးစီသရေ၊ မကွေးနှင့် ဟံသာဝတီအသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။

နံနက်ပိုင်းတွင် သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပသော မကွေးအသင်းနှင့် ဟံသာဝတီအသင်းတို့ ခြေစမ်းပွဲတွင် ဂိုးမရှိ သရေကျခဲ့သည်။ ဟံသာဝတီအသင်းမှာ အမာခံကစားသမားများဖြစ်သည့် မောင်မောင်လွင်၊ အောင်ဇော်၊ ကိုကိုနိုင်၊ ဘမ်ဘာတို့ပါဝင်ခဲ့ပြီး ခေါ်ယူစမ်းသပ်နေသည့် ပြည်တွင်း ပြည်ပ ကစားသမားများကိုလည်း အသုံးပြုခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



မကွေးနှင့် ဟံသာဝတီအသင်းတို့ ခြေစမ်းကစားနေစဉ်။







themirror.npt@gmail.com
www.facebook.com/themirrordaily